# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၈) ရက် ၊ ကြာသပတေးနေ့ ၊ (29-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME)နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာကြည့်ရှု




**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ


**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# အောင်မြင်စွာဆင်နွှဲ လူငယ်နှင့်စာပေအနုပညာပြပွဲ

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင်ပါဝင်ကြမည့် လူငယ်များအတွက် အသိပညာဗဟုသုတရရှိစေမည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၈ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ကလေးငယ်များ စိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

လူငယ်နှင့်စာပေအနုပညာပြပွဲကို ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏တိုင်းဒေသကြီး၊ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများခင်းကျင်းပြသမှုမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို အလွယ်တကူသိမြင်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ပြခန်းပေါင်း ၆၂ ခန်း ဖွင့်လှစ်ပြသထားသည်။ ပြခန်းအသီးသီးကိုလည်း လာရောက်ကြည့်ရှုအားပေးကြသူများ စိတ်ကျေနပ်စေရုံမက အကျိုးရှိသည့် အသိပညာဗဟုသုတများ ရရှိစေရန် ဝန်ကြီးဌာနပြခန်းများအပါ ပြပွဲတွင်ပြသသူတိုင်းက စေတနာထားလေးလေးစားစားခင်းကျင်းပြင်ဆင်ပြသထားသဖြင့် ပါဝင်ဆင်နွှဲကြသူများ တိုးမပေါက်အောင်ပင် နေ့စဉ်နှင့်အမျှ စည်ကားများပြားလွန်းလှသည်။

ကျောင်းသား၊ ကျောင်းသူလူငယ်များအပေါ် စေတနာထားပြီး သုတ၊ ရသစုံစွာ ပြသထားသည့် ပြခန်းအသီးသီးမှ စာပေဗဟုသုတအပြင် လက်တွေ့အသုံးချနိုင်သော အသိပညာ၊ အတတ်ပညာများကိုပါ ပြင်ပဗဟုသုတအဖြစ် စေတနာထားရှင်းလင်းပြသကြသဖြင့် ပြပွဲတက်ရောက်သူတိုင်းအတွက် စိတ်ပျော်ရွှင်ကြည်နူးကြကာ အလွန်အကျိုးရှိလှပေသည်။

သို့ဖြစ်ရာ အနာဂတ်လူငယ်များအတွက် ရည်ရွယ်ချက်ကောင်းများဖြင့် ပြသပေးခဲ့သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲသည် ယနေ့လူငယ်များကို စာပေဖတ်ရှုလိုစိတ်မြင့်မားလာခြင်း၊ ပြခန်းအသီးသီးမှပေးသော သုတ၊ ရသအဖြာဖြာမှ အသိပညာ၊ အတတ်ပညာပြည့်ဝစေခြင်း၊ အနာဂတ်ခေါင်းဆောင်ကောင်းအတွက် တိုင်းပြည်ချစ်စိတ်များ၊ အတွေးအမြင်ကောင်းများနှင့်အတူ ဗလငါးတန်ပြည့်စုံသူများအဖြစ် ဆောင်ကြဉ်းပေးနိုင်သည့် ပြပွဲတစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်တွင် စွန်တာနီပဲအရောင်းအဝယ်ကောင်းလာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ခန့်ထိပေါက်ဈေးရှိလာ

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးဈေးကွက်တွင် စွန်တာနီပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ခန့်ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် စွန်တာနီပဲများကို ပြည်ပနိုင်ငံများက ဝယ်ယူမှုများရှိသည့်အပြင် ပြည်တွင်း၌ပါ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်တွင် စွန်တာနီပဲများ ဈေးကောင်းပြန်လည် ရရှိနေကြောင်း သိရသည်။

"စွန်တာနီပဲက မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလော အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ စွန်တာနီပဲတွေ ဈေးကောင်းပေးပြီး ဝယ်ယူနေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်။ မန္တလေးဈေးကွက်ထဲမှာ အခုက စွန်တာနီပဲတွေပြန်ပြီး အဝယ်လိုက်လာပါတယ်။ ပဲအမျိုးအစားထဲမှာ အရောင်းအဝယ်အကောင်းဆုံးအမျိုးအစားတော့ မဟုတ်ပေမဲ့ အဝယ်ပြန်လိုက်လာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာလ ဒုတိယပတ်က စွန်တာနီပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် စွန်တာနီပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိပေါက်ဈေးရှိနေပြီး ဈေးကောင်းရရှိလာကြောင်း ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ပြင်ဦးလွင်မြို့နယ်မှပန်းများ မန္တလေးမြို့အပါအဝင် အခြားမြို့ကြီးများရှိ ပန်းဈေးများသို့ တစ်ရက်လျှင် တန်ချိန် ၄၆၀ ကျော်တင်ပို့နေရ



**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ထွက်ရှိသောပန်းများ မန္တလေးမြို့အပါအဝင် အခြားမြို့ကြီးများရှိ ပန်းဈေးများသို့ တစ်ရက်လျှင် တန်ချိန် ၄၆၀ ကျော် တင်ပို့နေရကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဒေါ်ခွန့်ဒါလီက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှထွက်ရှိသည့် ပန်းများ မန္တလေးမြို့ သိရိမာလာကုန်စိမ်းဈေးသို့ အဓိကတင်ပို့လျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများသို့လည်းတင်ပို့ရောင်းချလျက်ရှိရာ ၁၂ ဘီးကားကြီးများဖြင့် တစ်ရက်လျှင် ပန်းတန်ချိန် ၄၆၀ ကျော်၊ တစ်လလျှင် ပန်းတန်ချိန် ၁၃၈၆၀ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု ဒီဇင်ဘာလအတွင်း ပန်းဈေးကွက်ထဲမှာ ပန်းအမျိုးအစားအလိုက် ဈေးနှုန်းတွေကတော့ ဂန္ဓမာ (ကီလို) လက်ဆုပ်စည်း တစ်စည်းလျှင် ငွေကျပ် ၁၇၀၀ မှ ၂၅၀၀၊ အက်စတာ(မေမြို့ပန်း) လက်ဆုပ်စည်းတစ်စည်းလျှင် ငွေကျပ် ၈၀၀ မှ ၁၂၀၀ ထိ၊ သစ္စာပန်းငါးပင်စည်း တစ်စည်းလျှင် ငွေကျပ် ၄၅၀ မှ ၆၅၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဒေါ်ခွန့်ဒါလီက ပြောပြသည်။

ပြင်ဦးလွင်မြို့နယ်တွင် ပန်းစိုက်ခင်း ၃၃၀၅ ဧကရှိပြီး မိုးပန်းနှင့် ဆောင်းပန်းဟူ၍ နှစ်မျိုးခွဲကာ စိုက်ပျိုးကြကြောင်း၊ မိုးပန်းစိုက်ခင်း ၁၁၇၈ ဧကနှင့် ဆောင်းပန်းစိုက်ခင်း ၁၉၂၇ ဧက ရှိကြောင်း၊ စိုက်ပျိုးသည့် ပန်းအမျိုးအစားများမှာ ဂန္ဓမာ(ကီလို)၊ အက်စတာ (မေမြို့ပန်း)၊ သစ္စာပန်း(ဟော်လန်) တို့ကို အဓိကထားစိုက်ပျိုးပြီး ပန်းထိမ်ငို၊ လီလီပန်းတို့ကို အနည်းငယ် စိုက်ပျိုးကြကြောင်း ဒေါ်ခွန့်ဒါလီက ပြောပြ၍ သိရသည်။ ASH

# စဉ့်ကူးမြို့နယ် ရွှေလှေရေလမ်းကြောင်းတွင် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေလှေရေလမ်းကြောင်းတွင် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများကို ဒီဇင်ဘာ ၃၁ ရက်မှစ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး မြစ်ကြောင်း တိုင်းတာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း ကုန်တင်သင်္ဘော၊ ရုပ်ပြေးအမြန်ရေယာဉ်များနှင့် ခရီးသည်တင်သင်္ဘောများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သောင်ထွန်းနိုင်မည့်နေရာများနှင့် ရေအနက်ကို သိရှိနိုင်ရန်အတွက် နှိုဝင်ဘာလ တတိယပတ်မှစ၍ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေ စပြီး လုပ်ဆောင်နေပါပြီ။ အခုလတ်တလောကတော့ စဉ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းကို မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာတော့ စဉ့်ကူးမြို့နယ် ရွှေလှေရေလမ်းကြောင်းကို စတင်တိုင်းတာမှာပါ။ ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းလေးခုကို တိုင်းတာတဲ့လုပ်ငန်းမှာ အဓိကကတော့ ရေကျချိန်မှာ သောင်ဘယ်နေရာတွေမှာ အများဆုံးဖြစ်ထွန်းနိုင်တယ်။ ရေအနက်နည်းတဲ့နေရာတွေက ဘယ်နေရာတွေမှာလဲဆိုပြီး ကြိုတင်သိရအောင်လို့ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေကိုဆောင်ရွက်ပေးသွားမှာပါ"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး မြစ်ကြောင်းတိုင်းတာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းခိုင်ဝင်းက ပြောပြသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများလုပ်ဆောင်မည့် ရေလမ်းကြောင်း လေးခုမှာ မန္တလေးမြို့ရေလမ်းကြောင်း၊ မတ္တရာမြို့နယ် သဖန်းထောင့် ရေလမ်းကြောင်းတစ်လျှောက်၊ စဉ့်ကူးမြို့နယ် ဆည်သည်ရေလမ်းကြောင်းနှင့်ရွှေလှေရေလမ်းကြောင်းတစ်လျှောက်တို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် ညောင်ပင်သာအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ညောင်ပင်သာအရှေ့ကျေးရွာတွင် နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မိုးမိုးကျော်**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ချမ်းအေးသာဇံမြို့နယ် ရွှေလုံရပ်နေ ဦးကျော်ဝင်း-ဒေါ်ခင်အုန်းမြင့် မိသားစုက နှစ်ပက်မိဘများအားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းမြေပဲဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းမြေပဲဧက ၅၀၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၄၃၇၁၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆောင်းမြေပဲဧက ၅၀၀၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀၀၀ ကျော် စိုက်ပျိုးပြီးသွားပါပြီ။ ဒီနှစ် ဆောင်းမြေပဲတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ ဆီထွက်သီးနှံထဲမှာ စိုက်ပျိုးမှုအများဆုံးထဲမှာပါဝင်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းမြေပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၁၂၄၀၆ ဧက၊ တမူးခရိုင်တွင် ၁၈၁၂ ဧက၊ ကလေးခရိုင်တွင် ဧက ၂၉၄၂၀၊ ခန္တီးခရိုင်တွင် ၇၂၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၂၂၄၆ ဧက၊ နာဂဒေသတွင် ၆၈ ဧက၊ မုံရွာခရိုင်တွင် ၃၂၀၆၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၃၂၃၄ ဧက၊ ရွှေဘိုခရိုင်တွင် ၆၅၈၉၃ ဧက၊ ရေဦးခရိုင်တွင် ၇၆၀၆၃ ဧက၊ ကန့်ဘလူခရိုင်တွင် ၉၇၂၄၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ဧက ၆၁၀၉၀၊ ကသာခရိုင်တွင် ၂၉၉၄၁ ဧက၊ ကောလင်းခရိုင်တွင် ၄၉၈၅ ဧက စုစုပေါင်း မြေပဲ ၄၃၇၁၉၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးပြီးစီးသောမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် လွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ဆည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့်လွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လွဲကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာ အသုံးပြုရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

လွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် VDP ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

**အေးသူ**

# ရေနံချောင်းမြို့နယ် ဝင်္ဂေါင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**ရေနံချောင်း ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရေနံချောင်းမြို့နယ် ဝင်္ဂေါင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံဝန်ထမ်းများက ရေနံချောင်းမြို့နယ် ဝင်္ဂေါင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် ဝင်္ဂေါင်းလမ်း၌ အရှည် ၂ ဒသမ ၅၆ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၆၄ သန်းဖြင့် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများမှ ထွက်ရှိသော စိုက်ပျိုးရေး၊ ဒေသထွက်ကုန်ပစ္စည်းများဈေးကွက်သို့ အချိန်ကုန်သက်သာစွာဖြင့် သယ်ပို့ရောင်းချနိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ဒေါ်နှင်းပုလဲထွေးက ပြောပြ၍ သိရသည်။

**နွံ့ယဉ်**



# အလကားလူ

မြင်းခြံကျော်အောင်

အလကားဟူသည် အလဟဿ အချည်းနှီးဟု အဓိပ္ပာယ်ရသည်။ အလကားလူဟူသည် အချည်းနှီး အကျိုးမရှိသော လူ၊ တစ်နည်းဆိုရသော် တန်ဖိုးမရှိသောလူကို ဆိုလိုသည်။ မြန်မာ့လူ့ဘောင်လောကတွင် အလကားလူများရှိသည်ဟုဆိုလျှင် လွန်ရာမကျပါ။ မိမိပတ်ဝန်းကျင်မှ လူများကို လေ့လာကြည့်လျှင် ဘာမျှ မည်မည်ရရ မလုပ်သူများကို တွေ့ရမည်။

တန်ဖိုးရှိသော လူများသည် ဂုဏ်ပုဒ်ကိုယ်စီရှိကြသည်။ သန့်ရှင်းရေးလုပ်သား ကိုထွန်း၊ စာရေးကြီး ဦးလွန်းမှစပြီး ကိုယ်စီအလုပ်ရှိကြသည်။ ဘဝနှင့် လူသားများအတွက် အလုပ်လုပ်နေကြသည်။ တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေကြသည်။

မိမိဘယ်လိုလူဟု သတ်မှတ်မရသော လူများလည်း ရှိကြသည်။ လက်ရှိ သက်ရှိ ရှိသကဲ့သို့ သေဆုံးကွယ်လွန်သွားသူများလည်း အများအပြားရှိသည်။ ထိုအထဲတွင် မူးယစ်သားကောင်များ၊ အရက်၏ကျေးကျွန်များနှင့် အလွန်အပျင်းကြီးသူများ ပါဝင်ကြသည်။

အလကားလူများမှာ ယခုမှ ရှိသည်မဟုတ်ပါ။ ရှေးပဝေသဏီကပင်ရှိခဲ့သည်။ ကုဋေ ၈၀ ကြွယ်ဝသော သူဌေးသားသည် အလကားလူဖြစ်သည်။ မိဘ သူဌေးကြီးမောင်နှံ ကွယ်လွန်ပြီးနောက် သောက်စားပျော်ပါးသောအလုပ်ကလွဲပြီး ဘာမျှမလုပ်သော သူဌေးသား၊ နောက်ဆုံးဥစ္စာကုန်ခန်းကာ သူများထံမှီပြီး သေဆုံးသွားရသည်။ ဤကား အလကားလူများ၏ သွားရာလမ်းနှင့် ဇာတ်လမ်းဖြစ်သည်။ ယနေ့ခေတ်ကာလတွင်လည်း အလကားလူတချို့ ရှိကြသည်။ မည်သည့်အလုပ်မျှ မလုပ်ကြ၊ မည်သူ့ကိုမျှ အကျိုးမပြု၊ ဒုက္ခပင်ပေးနေသူများ။

ဤသို့ အလကားလူများ မိမိမဖြစ်စေရန် မိမိကိုယ်ကို ပြုပြင်၍ရသည်။ မိဘများအနေဖြင့်လည်း သားသမီးများကို အလကားလူများ မဖြစ်စေရန် ပြုပြင်လျှင်ရသည်။ ဆရာများကလည်း တပည့်များကို ပြုပြင်ပေးကြရမည်။

**ဘဝရည်မှန်းချက်ကင်းမဲ့သူ**

အလကားလူများသည် ဘဝရည်မှန်းချက်မရှိကြပါ။ တန်ဖိုးရှိသော လူများသည် ဘဝရည်မှန်းချက်ရှိကြသည်။ ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယံဘိုနာပတ်ကို သူငယ်စဉ်ကလေးဘဝတွင် ကျောင်းမုန့်ဆိုင်ပိုင်ရှင်က "ကြီးလာရင် ဘာလုပ်မှာလဲ"ဟုမေးသည်။ နပိုလီယံက "စစ်ဗိုလ်ကြီးလုပ်မယ်"ဟုဖြေခဲ့သည်။ သူ့ဘဝရည်မှန်းချက်အတိုင်း ကြိုးပမ်းရာ သာမန်စစ်ဗိုလ်မျှ မဟုတ် ဥရောပတစ်လွှားအုပ်ချုပ်သော စစ်ဘုရင်ကြီးဖြစ်ခဲ့သည်။

ယနေ့ မြန်မာ့လူ့ဘောင်လောကတွင်လည်း ရည်မှန်းချက်ကိုယ်စီဖြင့် သွားနေကြသော လူငယ်အများအပြားရှိသည်။ ဆရာဝန်လုပ်မည့်သူက ဆေးတက္ကသိုလ်တက်နေကြသည်။ အင်ဂျင်နီယာလုပ်မည့်သူက နည်းပညာတက္ကသိုလ်တက်ကြသည်။ တောင်သူလယ်သမားလုပ်မည့်သူက လယ်ကွင်းယာကွင်းဆင်းပြီး ထွန်စက်မောင်းနေကြသည်။ ထိုသူတို့သည် မိမိတို့၏ ဘဝလမ်းကြောင်းကို ခိုင်မာသောဆုံးဖြတ်ချက်ချထားပြီးသူများဖြစ်ကြသည်။ ထိုအခါ ဘဝအတွက် ပုံလောင်းပြီးဖြစ်သွားတော့သည်။ ထိုသူများသည် ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ တောင်သူလယ်သမားကြီးများ မုချဖြစ်သွားမည်။

ပုံမလောင်းရသေးသူများလည်း အတတ်ပညာရရှိပြီးနောက် မိမိဘဝကို ပုံလောင်းရမည်။ ဆိုလိုသည်မှာ ဝါသနာပါရာနှင့် အဆင်ပြေရာအလုပ်တစ်ခုခု လုပ်ရမည်။ ဘာမျှမလုပ်ဘဲ မနေအပ်ပေ။ ဘာမျှ မလုပ်လျှင် အလကားလူဖြစ်သွားမည်။

မိမိဘဝအတွက် မိမိတာဝန်ယူပြီး မိမိဘာသာ သီးပင်တစ်ပင်တော့ စိုက်ရမည်။ စိုက်လျှင် အပင်၏ အသီးကိုစားရမည်။ အကျိုးတရားခံစားရမည်။ ဘာသီးပင်မျှ မစိုက်လျှင် ဘာမျှမစားရပါ။ စိုက်လျှင် မုချစားရမည်ဟု ပညာရှင်တစ်ဦးက ပြောခဲ့သည်။ လူသည် အလုပ်လုပ်ရမည်ကို ပညာရှင်က ရည်ညွှန်းသည်။

ထို့ကြောင့် ဘဝရည်မှန်းချက်ရှိရမည်။ ရည်မှန်းချက်ကင်းမဲ့ပြီး မိဘ၏အရိပ်အာဝါသမှီ၍ စားသောက်နေထိုင်လျှင် ထိုသူကို ပတ်ဝန်းကျင်က ဘယ်လိုလူဟု ခေါ်ရမည်နည်း။ ဘယ်လိုလူဟုပင် ခေါ်စရာမရှိပါ။ လေးစားလောက်သူတစ်ဦးဖြစ်လာစေရန် ပညာရှင်တစ်ဦးက မိမိကိုယ်ကိုမေးရန် ပြောခဲ့သည်။

ငါ့သားသမီးများကို ငါ၏မြေးမြစ်များက ငါ့အကြောင်းမေးသည့်အခါ သူတို့က ဘယ်လိုပြောကြမည်နည်း။ ငါကရော ငါသည်ဘယ်လိုလူဟု ပြောစေချင်သနည်း။ ဤမေးခွန်းကို မိမိကိုယ်ကို မေးပါ။ မေးပြီး မိမိဖြစ်ချင်သည့်အတိုင်း လုပ်ရန်သာလိုသည်။

> **❖ လူဟူ၍ဖြစ်လာသောအခါ လူ့တာဝန်၊ လူ့ဝတ္တရားများမှာ မိမိ၏ တန်ဖိုးမြင့်သည်ထက်မြင့်စေရန် ကြိုးပမ်းရမည်။ မိမိ၏ ဇနီးသားသမီး၊ မိဘဆွေမျိုးများ၏ အကျိုးသယ်ပိုးရမည်။ အမြင့်ဆုံးအားဖြင့် လူ့လောကကြီး အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရမည်ကို တွေးခေါ်သိမြင်ထားရမည်။ ဘာမျှမလုပ်သူသည် လူ့တာဝန်၊ လူ့ဝတ္တရားကို ကျေပွန်စွာထမ်းရွက်နိုင်မည်မဟုတ်ပါ။ ထိုအခါ ထိုလူသည် အလကားလူဖြစ်သွားပါပြီ။ ဤသည်ကို ဉာဏ်ဖြင့်ယှဉ်ပြီးတွေးခေါ်ရမည်။ သို့ဖြင့် အမှန်ကို တွေးခေါ်မြော်မြင်နိုင်က အလကားလူအဖြစ်မှ လွတ်ကင်းမည်။ လူ့အဖိုးတန်ဖြစ်မည်။ ❖**

ထို့ကြောင့် ဘဝရည်မှန်းချက်ချပြီးလုပ်ပါ။ **အလုပ်လုပ်ခြင်း၊ အလုပ်ရှိခြင်းသည် ပျော်ရွှင်မှုကို သယ်ဆောင်လာသည်**ဟုလည်းကောင်း၊ **ဘာမျှမလုပ်ခြင်းသည် မကောင်းမှုပြုလုပ်ခြင်းပင်ဖြစ်သည်**ဟုလည်းကောင်း အင်္ဂလိပ်စကားပုံများကဆိုသည်။ သို့ဖြစ်၍ ဘဝရည်မှန်းချက်ကင်းမဲ့ပြီး အလကားလူမဖြစ်စေရန် အလုပ်လုပ်ပါ။

**တွေးခေါ်ဆင်ခြင်ဉာဏ် အားနည်းသူ**

လူတွင်အသိဉာဏ်ဟူသည်ရှိသည်။ ဤအသိဉာဏ်ကို ပါးပါးလွှာပြီး သုံးရမည်။ ထိုနေရာတွင် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်မှုသည် အရေးအကြီးဆုံး အသိဉာဏ်ပင်ဖြစ်သည်။ အရက်၏ကျေးကျွန်ဖြစ်သွားသူများ၊ မူးယစ်သားကောင်ဖြစ်သွားသူများ၊ အလွန်အပျင်းကြီးသဖြင့် ဘာမျှ မလုပ်သူများသည် တွေးခေါ်ဆင်ခြင်ဉာဏ်အားနည်းသူများဖြစ်ကြပေသည်။ မူးယစ်ဆေးဟူသည် လုံးဝရှောင်ရမည်။ စွဲလမ်းစေတတ်သည်။ အရက်သည်လည်း သောက်လေသောက်လေ ငတ်မပြေဖြစ်တတ်သည်ဆိုသည်ကို သိရှိပြီး ဆင်ခြင်ရမည်။ လုံးဝရှောင်ရှားရမည်။ မရှောင်ရှားနိုင်သူတချို့၊ မဆင်ခြင်သူတချို့ အလကားလူဖြစ်ကုန်ကြသည်။

လူငယ်တချို့ ပညာမစုံမီလင်ယူသားမွေး၊ မိန်းမယူသူများလည်း အလကားလူများဖြစ်သွားကြသည်ကို တွေ့ရသည်။ ဉာဏ်ဖြင့်ဆင်ခြင်ကြရမည်။

လူဟူ၍ဖြစ်လာသောအခါ လူ့တာဝန်၊ လူ့ဝတ္တရားများမှာ မိမိ၏တန်ဖိုးမြင့်သည်ထက်မြင့်စေရန် ကြိုးပမ်းရမည်။ မိမိ၏ ဇနီးသားသမီး၊ မိဘဆွေမျိုးများ၏ အကျိုးသယ်ပိုးရမည်။ အမြင့်ဆုံးအားဖြင့် လူ့လောကကြီး အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရမည်ကို တွေးခေါ်သိမြင်ထားရမည်။

ဘာမျှမလုပ်သူသည် လူ့တာဝန်၊ လူ့ဝတ္တရားကို ကျေပွန်စွာထမ်းရွက်နိုင်မည်မဟုတ်ပါ။ ထိုအခါ ထိုလူသည် အလကားလူဖြစ်သွားပါပြီ။ ဤသည်ကို ဉာဏ်ဖြင့်ယှဉ်ပြီး တွေးခေါ်ရမည်။ သို့ဖြင့် အမှန်ကိုတွေးခေါ်မြော်မြင်နိုင်က အလကားလူအဖြစ်မှ လွတ်ကင်းမည်။ လူ့အဖိုးတန်ဖြစ်မည်။

**မိဘများ၏လမ်းညွှန်မှုမရရှိသူ**

မိဘတိုင်းသည် သားသမီးများကို အသက်ရှည်အောင်၊ ပညာတတ်အောင် ဆောင်ကြဉ်းပေးကြသည်။ သို့သော် အချို့မိဘများသည် စီးပွားရေး၊ ကြီးပွားရေး ကြိုးပမ်းနေကြရကာ မအားလပ်သဖြင့် သို့မဟုတ် သတိမမူမိသဖြင့် သားသမီးများကို ကောင်းသောဘဝ လမ်းညွှန်မှုမပြုမိကြပေ။ အချို့မိဘများကလည်း ဘွဲ့ရအောင် သင်ပေးပြီးပြီပဲ သူတို့ဘာသာဆုံးဖြတ်ဆောင်ရွက်ကြပါလိမ့်မည်ဟုဆိုပြီး သားသမီးများအပေါ် လမ်းပြမှုမပြုကြပေ။ ယနေ့ခေတ်ကာလ သားသမီးတချို့ကလည်း အတတ်ပညာရရှိပြီးနောက် မာနတက်ကာ မိဘ၏သွန်သင်မှုကို မခံယူကြသူများလည်း ရှိကြသည်။

အမှန်မှာ မိဘ၏ဘဝအတွေ့အကြုံသည် သားသမီးထက်ပိုသည်။ ဤသည်ကို အချို့သားသမီးများက မျက်ကွယ်ပြုထားကြသည်။ သို့ဖြင့် လမ်းမှားရောက်သွားကြသော လူငယ်များ ဒုနဲ့ဒေးရှိကြသည်။

မည်သို့ပင်ဖြစ်စေ မိဘသည် သားသမီးများကို ကောင်းသော လမ်းညွှန်မှုပြုကြရမည်။ သို့မဟုတ် သားသမီးဝါသနာပါရာကို လုပ်ကိုင်ရန်ခွင့်ပြုရမည်။ သို့မှသာ အလုပ်တစ်ခုရှိကာ လူ့အဖိုးတန်ဖြစ်သည်။ အလုပ်မလုပ်ဘဲ မိဘကချမ်းသာသဖြင့် ထိုင်စားနေသူတချို့ လမ်းမှားရောက်သွားကြသည်ကို လေ့လာတွေ့ရှိရသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ အနောက်တိုင်းပညာရှင်တစ်ဦးက "အလုပ်လုပ်ရ၍ ပင်ပန်းသောသူတစ်ယောက်ထက် အလုပ်မလုပ်ဘဲ ကိုယ့်ထံရောက်လာသော သူတစ်ယောက်ကြောင့် ပိုမိုဆင်းရဲဒုက္ခရောက်ရသည်"ဟု ပြောခဲ့သည်။

**အတုယူအားကျစိတ်ကင်းမဲ့သူ**

အတုယူစိတ်သည် မွန်မြတ်သော စိတ်တစ်ခုဖြစ်သည်။ အတုယူစရာများ ဤလောကတွင် အများအပြားရှိသည်။ ဤသည်ကို ကျွန်တော်တို့ လူငယ်များ မသိချင်ဟန်ဆောင်မနေအပ်ပေ။ ကျောင်းသားလူငယ်ထုအတွင်းတွင် ထူးချွန်ကျောင်းသားများ၊ လူရည်ချွန်ကျောင်းသားများ၊ ဘွဲ့ရလူငယ်များ များစွာရှိသည်။ သူတို့ကဲ့သို့ ငါလည်းဖြစ်အောင် ကြိုးစားမည်ဟု အတုယူရမည်။

လုပ်ငန်းခွင်အသီးသီးတွင်လည်း မိမိထက်ရာထူးအဆင့်မြင့်သူများ၊ ကုန်သည်လောကတွင်လည်း မိမိထက်ချမ်းသာသူများရှိကြသည်။ ငါလည်း သူတို့ထက် ရာထူးတိုးတက်ရမည်၊ သူတို့ထက် ကြွယ်ဝချမ်းသာရမည်ဟု ကြုံးဝါးပြီး အတုယူရမည်။

နမူနာယူစရာတစ်ခုပြောပြမည်။ အမေရိကန်နိုင်ငံမှ သမ္မတကလင်တန်၊ သူငယ်စဉ်က လူရည်ချွန်ဖြစ်ခဲ့၊ လူရည်ချွန်စခန်းဝင်ခဲ့ရသည်။ ထိုစဉ်က သမ္မတကနေဒီက လူရည်ချွန်များလာတွေ့ပြီး လက်ဆွဲနှုတ်ဆက်ဂုဏ်ပြုခဲ့သည်။ ထိုအခါ ကလင်တန်၏စိတ်ထဲတွင် သမ္မတဖြစ်ချင်စိတ်ပေါ်ခဲ့သည်။ ထိုစိတ်ဆန္ဒအရ ကြိုးပမ်းရာ သူ့ဘဝတွင် အမေရိကန်နိုင်ငံ သမ္မတကြီး ဖြစ်ခဲ့ရသည်။ အားကျအတုယူရမည်။

ပညာရှင်တစ်ဦးက "သင့်ကိုယ်သင် ဘာဖြစ်မည်ဟု ထင်ထားပါသနည်း။ လူတိုင်းလူတိုင်း မိမိထင်ထားသည့်အတိုင်း တကယ်ဖြစ်လာသည်မှာ ထုံးစံဖြစ်၏။ အလကားလူဟု ထင်မြင်ထားခဲ့လျှင် အလကားလူဖြစ်လိမ့်မည်။ ကြီးကျယ်မြင့်မြတ်သူပုဂ္ဂိုလ်ဖြစ်ရမည်ဟု ယုံကြည်ထားလျှင် တစ်နေ့မှာကြီးကျယ်မြင့်မြတ်သူဖြစ်ရလိမ့်မည်"ဟု ဆိုခဲ့သည်။

ဘာမှ မဖြစ်ချင်ပါဘူး၊ အေးအေးဆေးဆေးလေး ပဲနေပါတော့မယ်ဆိုလျှင် ဘာမှလည်း ဖြစ်လာမည် မဟုတ်ပေ။ ဘယ်သူကမှလည်း လေးစားလာမည် မဟုတ်ပေ။ အနည်းဆုံး မိမိ မိသားစုကိုပင် ဝလင်အောင် မကျွေးမွေးနိုင်သူ၊ မိမိ မိဘကိုပင်ကျေးဇူးဆပ်နိုင်သူဖြစ်လာမည်မဟုတ်ပေ။ လောကကြီး အကျိုးဆောင်ရွက်ရန်ဟူသည် ဝေလာဝေးပြီ။ ထို့ကြောင့် အားကျအတုယူစိတ်မွေးကြရမည်။

**အပင်ပန်းအဆင်းရဲမခံချင်သူ**

ဂျာမန်စကားပုံတစ်ခုက "ဘဝဟူသည် တိုက်ပွဲဖြစ်သည်"ဟုဆိုသည်။ တိုက်ပွဲဟူသည် သူ့ကို ကိုယ်ကနိုင်အောင်တိုက်ရသည်။ ထိုအခါ ပင်ပန်းမည်၊ ဆင်းရဲမည်။ ပင်ပန်းဆင်းရဲခြင်းကို အရင်းမတည်ဘဲ တိုက်ပွဲကို နိုင်ရိုးထုံးစံမရှိပါ။ ထို့ပြင် အလကားလူများသည် ပင်ပန်းဆင်းရဲမှာ အထူးကြောက်ကြသည်။ မိဘလုပ်စာ ထိုင်စားပြီး မနက်ဘက် လက်ဖက်ရည်ဆိုင်သွားကာ သူငယ်ချင်းများနှင့်တွေ့၊ စားသောက်ပြီး အကျိုးမရှိသော စကားပြောနေချင်သည်။ အိုးမကွာ၊ အိမ်မကွာ လေးနေချင်သည်။ အတတ်ပညာရှိသော်လည်း ပင်ပန်းမှာ စိုး၍ အသုံးမချ၊ ပေါ့ပေါ့ပါးပါး အလုပ်လေးများ ဆိုလုပ်၊ ပျော်သလိုသာနေသည့်လူတန်းစားဖြစ်သည်။ သို့ဖြင့် အချိန်များဖြုန်းလာလိုက်သည်မှာ နေ့ကိုလစား၊ လကိုနှစ်စားကာ အသက်ကကြီးလာပြီ။ အရွယ်က ရလာပြီ။ အသက် ၃၀ ကျော်၊ ၄၀ နားကပ်နေပြီ။ သို့သော် သူ့ကိုဘာလုပ်နေသူဟု ခေါ်မရ။ ဥပမာ-ယာဉ်မောင်းသမား၊ ကားဆရာဟုလည်း မခေါ်နိုင်။ ကုန်သည်ဟုလည်း ပြောမရ၊ လက်မှုပညာသည်ဟုလည်း မဆိုလောက်၊ ဘယ်လိုလူဟု အမည်နာမ တပ်မရ၊ ရရှိသည့်နာမည်က အလကားလူ၊ အပင်ပန်း အဆင်းရဲမခံချင်သူဖြစ်သည်။

**မခံချင်စိတ်မရှိသူ**

မခံချင်စိတ်သည်လည်း ဘဝတည်ဆောက်ရာတွင် ထားရှိအပ်သောစိတ်ဓာတ်တစ်ခုဖြစ်သည်။ ပုဂံရာဇဝင်မှ ဆရာတော်ဦးကျည်ပွေ့သည် "ဒီဘုန်းတော်ကြီးကျည်ပွေ့သာ အတတ်ပေါက်ချင်ပေါက်မည်၊ စာတတ်ပေတတ်၊ ကျမ်းတတ် ပုဂ္ဂိုလ်ဖြစ်မှာမဟုတ်ဘူး"ဟု အပြောခံရသည်ကို မခံချင်စိတ်ဖြင့် စာပေကျမ်းဂန်များ လေ့လာရာ ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ထိုအခါ ဆရာတော်က ကျည်ပွေ့တွင် ပန်းခက်များထိုးကာ ကျည်ပွေ့အတတ်ပေါက်ပြီဟု ကြွေးကြော်ခဲ့သည်။ အခြားကျမ်းတတ်ဆရာတော်များဖြင့် စစ်ဆေးရာ အမှန်တကယ် ကျမ်းဂန်တတ်ဆရာတော်ဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြရသည်။ နောင်လာနောက်သားများအတွက် ကျမ်းစာအုပ်များ ပြုစုထားခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှ အိမ်ခန်း ၁၉၀၀ ကျော်ကို ၂၀၂၃ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် တည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှ အိမ်ခန်း ၁၉၀၀ ကျော်ကို ၂၀၂၃ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) အထွေထွေ အတွင်းရေးမှူးချုပ် ဦးမျိုးမြင့်ထံမှ သိရသည်။

အဆိုပါစီမံကိန်းတွင် ပထမအဆင့်အနေဖြင့် အဆောက်အအုံ ၁၉၃ လုံး၊ အိမ်ခန်း ၃၁၀၄ ခန်းရှိရာ အဆိုပါအဆောက်အအုံများအနက် အဆောက်အအုံ ၁၂၁ လုံး၊ အိမ်ခန်း ၁၉၃၆ ခန်းကို ၂၀၂၃ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ကျန်ရှိသည့်အဆောက်အအုံ ၇၂ လုံး၊ အိမ်ခန်း ၁၁၆၈ ခန်းကိုလည်း အပိုင်းလိုက်ပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ အခြေအနေကတော့ ပြည်သူ့အငှားအိမ်ရာ စီမံကိန်း ပထမအဆင့်ရဲ့ ၇၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ မန္တလေးနဲ့ နေပြည်တော်မှာ တည်ဆောက်နေတဲ့ ပြည်သူ့အငှားအိမ်ရာစီမံကိန်းပထမအဆင့်ကတော့ ရာနှုန်းပြည့်ပြီးစီးနေပါပြီ"ဟု ဦးမျိုးမြင့်က ပြောပြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းသည် ရန်ကုန်မြို့၏ အဓိကကျသော အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇) လမ်းမကြီးကြားတွင် ရှိသည့်အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများသွားလာမှုတို့တွင် လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို အခန်း ၁၀၀၀၀ ဖြင့်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အခန်း ၆၃၀၀၊ နေပြည်တော်တွင် အခန်း ၇၀၀ နှင့် မန္တလေးတိုင်းဒေသကြီးတွင် အခန်း ၃၀၀၀ ပါဝင်ကြောင်း သိရသည်။

ASH



➤ စာမျက်နှာ ၄ မှအဆက်

၎င်းမြန်မာ့လူဘောင်တွင် မှတ်တမ်းတင်ခံရသည်ထိ ကျော်ကြားခဲ့သည်။

သာမန်ရဟန်းတစ်ပါးမဟုတ်ခဲ့ပေ။ မခံချင်စိတ်က ထိုမျှတွန်းပို့ပေးနိုင်စွမ်းရှိသည်။ ဘယ်သူဘာပြောပြော မခံချင်စိတ်မရှိသူ၊ မကြိုးပမ်းသူများသည် အများမိုးခါးရေသောက်သူများပမာ သာမန်လူများထဲက တစ်ဦးသာဖြစ်မည်။ ၎င်းအဆင့်မှ လျှောကျကာ အလကားလူပင်ဖြစ်သွားမည်။

အမေရိကန်နိုင်ငံမှ ဂျွန်ဒေးဂျိုးရီးယားဟူသော လူငယ်တစ်ဦး၊ သူ့ကို စာသင်ပေးသောဆရာက "မင်း ဒီဘဝမှာ ဘယ်တော့မှ အောင်မြင်တဲ့လူတစ်ယောက်ဖြစ်မှာမဟုတ်ဘူး"ဟု သူ့အသက် ၁၀ နှစ်ခန့်တွင် အပြောခံရသည်။ မခံချင်စိတ်ဖြင့် စီးပွားရေးအမြင်ရှိရှိ ကြိုးပမ်းရာ သူ့အသက် ၄၀ ကျော်တွင် ကမ္ဘာပေါ်၌ ဒုတိယလူကြိုက်အများဆုံး Patron Tequila အရက်ထုတ်လုပ်သူနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းရှင် သန်းကြွယ်သူဌေးဖြစ်ခဲ့သည်။

ထို့ကြောင့် မခံချင်စိတ်မွေးပြီး အလကားလူမဖြစ်ကြစေရန် ကြိုးပမ်းအပ်ပေသည်။

**အလကားလူများပေးသောဒုက္ခ**

အလကားလူများသည် ဆန်ကုန်မြေလေးသမားများဖြစ်ကြသည်။ ပျင်းရိသဖြင့် ဘာမျှမည်မည်ရရ တိတိပပမလုပ်ကြ၊ သို့သော် သူတို့သည် အိပ်စားကာမ ၎င်းသုံးဝမှု မှန်မှန်လုပ်ကြသည်။ ထို့ကြောင့် သူတို့၏စားဝတ်နေမှု အစုစု၏ ကုန်ကျစရိတ်ကို မိဘက ကျခံရသည်။ ထိုသူတို့၏ ကြီးမားသောဝန်ထုပ်ဝန်ပိုးကို မိဘများက အစဉ်ထမ်းနေကြရသည်။ မိဘက မသေသေး၊ သူတို့က အမွေခွဲပေးရန် တောင်းခံလာသည်။ မပေးလျှင် ရန်ပြုသည်။ ၎င်းအဖြစ်မျိုးကြုံရသောမိဘများ သောကကို ရင်ဝယ်ပိုက်ထားကြရသည်။

အလကားလူများသည် အမှားအမှန်မဝေခွဲနိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် အရက်သေစာသောက်စားသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ မိမိစားဝတ်နေရေးကို တရားသောနည်းလမ်းဖြင့် မဖြေရှင်းသူများ၊ လောင်းကစားကြူးသူများဖြစ်သွားကြသည်။ ထိုသူတို့သည် ပစ္စည်းဥစ္စာခိုး၊ လိမ်လည်မားပြတိုက်၊ လူသတ်ကြသည်။ သို့ဖြင့် ရပ်ရွာဒေသများတွင် သူခိုးပူ၊ ဓားပြဆူအကြမ်းဖက်လုယက်သူပေါ်ခြင်းများဖြစ်ကုန်ကြသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကိုပင် ထိပါးလာတော့သည်။

သို့ဖြစ်ပါ၍ အလကားလူမဖြစ်စေရန် မိမိဘဝကို တည်ဆောက်ပါ။ မိဘများအနေဖြင့်လည်း သားသမီးများကို အလကားလူများမဖြစ်ကြစေရန် ငယ်စဉ်ကပင် သွန်သင်ပြုပြင်ပေးပါ။ တန်ဖိုးရှိသော လူသားဖြစ်ပါစေ။ စာသင်ကျောင်းအသီးသီးတွင် ပစ္စုပ်ပန်သာနှစ်ဖြာအကျိုး ပွားတိုးစေတတ်ပညာမြတ်ကိုသင်ကြားပေးမြောက် ကျောက်ထီးကန္တ အလေးပြုအပ်သော ဆရာမြတ်များကလည်း တပည့်သားသမီးများကို အလကားလူများမဖြစ်ကြစေရန် သင်ကြားလမ်းညွှန်ပေးရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

လောကတွင် တန်ဖိုးရှိသောလူဖြစ်ရမည်ဟု ကြုံးဝါးကြပါကုန်။

## စိန်ရတုလွတ်လပ်ရေးနေ့ အကျွန်ုပ်ဆန္ဒ

\- ချိန်ယခု
စိန်ရတု လွတ်လပ်ရေးမှာလ
အထွတ် အမြတ်တွေးကာ
ရွှတ်ဖတ်ရေးစရာက
ရေးအခါ
မြန်မာဟာ ကိုယ်ပိုင်အာဏာနဲ့
ကိုယ်ဆိုင်ရာ ဘာသာကိုးကာပ
တန်ခိုးအဟုန် မျိုးဂုဏ်ပြင်းခဲ့တယ်
လင်းနေသို့ဖြာ။

\- အပေါင်းမြန်မာ
ဒေါင်းဖန်ဝါ နေခြည်ထိုးသလိုပ
မြန်ပြည်တန်ခိုး ကမ္ဘာကိုမိုးနိုင်အောင်ကွဲ့
အမျိုးခိုင် စိုးပိုင်အာဏာနဲ့
မြန်မာဟာ သာကီမျိုးပေမို့
အဖိုးတန် မျိုးမှန်ပါ၍
ကြိုးကြံကြစို့ ညီညာညာ။

\- မာန်မလျှော့လေနဲ့
ဟန်ကြော့ချိန် တစ်သွယ်ဆန်းပြီမို့
ငယ်ကျွမ်းဆွေ ချစ်ဖော်များရယ်
အပြစ်တော်များ မြင်လာပါက
ယခင်အခါ ပြည်မြန်မာအရေးကိုလ
ကြည်သာ ညီညာတွေးပါလို့
အတူရေးတဲ့ မြို့ပင်လုံမှာ
စုံညီကာစုဝေး။

\- ခေတ်မြန်မာ
သစ်ပြန်ကာ မြန်စွာထူလို့
တစ်ဖန်ယူ စံမတုလွတ်လပ်ရေးကိုလ
အသက်ပေး ဆက်ရေးကြည်ဘဝင်နဲ့
ပြည်တစ်ခွင် စည်ပင်သာပါမှ
ကြည်လင်ရီ(ရယ်) ရွှင်လာပါလိမ့်
တူယှဉ်မှု ပြင်စခန်း(NCA)ကိုလ
လှမ်းစို့မနေး။ ။

**မောင်စိန်**

# ဖန်းမော်မြို့နယ် စီဟဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဖန်းမော် ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် စီဟဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့် တာဝန်ရှိသူများက ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၈၅ သန်းဖြင့် စီဟဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

စီဟဲကျေးရွာ၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကွန်ကရစ်ပေါင် ကျောက်ကြမ်းလမ်းခင်းခြင်းလုပ်ငန်းကို ပြည့်အားမာန်ဟိန်းကုမ္ပဏီက နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက စီဟဲကျေးရွာရှိ တောင်သူ ၆၃ ဦး၏ လယ်ယာမြေ ၂၈၅ ဧကမှ ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ သယ်ယူရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# နိုင်ငံတကာ သတင်းများ

## အစ္စရေးသံအမတ်ကြီးသစ်ခန့်အပ်လွှာ တူရကီသမ္မတ အာဒိုဂန် လက်ခံရယူ

**အင်ကာရာ ဒီဇင်ဘာ ၂၈**

တူရကီသမ္မတ အာဒိုဂန်သည် တူရကီနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်သစ်၏ သံအမတ်ခန့်အပ်လွှာကို ဒီဇင်ဘာ ၂၇ ရက်တွင် လက်ခံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လေးနှစ်ကြာတင်းမာခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပုံစံချရေးအတွက် နှစ်ဖက်စလုံးက ကြိုးပမ်းနေစဉ် တူရကီနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးသစ်ခန့်အပ်လွှာကို တူရကီသမ္မတက လက်ခံခဲ့ခြင်းဖြစ်သည်။

တူရကီနှင့် အစ္စရေးနိုင်ငံတွင် အဆင့်မြင့် တာဝန်ရှိသူများ၏ အပြန်အလှန် ခရီးစဉ်များဖြင့် နှစ်နိုင်ငံဆက်ဆံရေးပုံမှန်အခြေအနေ ပြန်ရောက်ရန် စတင်ကြိုးပမ်းခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးနှင့်တူရကီတို့သည် သံအမတ်ကြီးများ ပြန်လည်စေလွှတ်ရန် ယခုနှစ် ဩဂုတ်လအတွင်း သဘောတူခဲ့ကြသည်။

၂၀၁၈ ခုနှစ်အတွင်း ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ဆန္ဒပြသမားများ သေဆုံးခဲ့ရပြီးနောက် တူရကီနှင့် အစ္စရေးဆက်ဆံရေးတင်းမာခဲ့ရပြီး တူရကီနိုင်ငံက အစ္စရေးနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးကို ပြန်လည်ခေါ်ယူ၍ တူရကီနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးကို နှင်ထုတ်ခဲ့သည်။

အစ္စရေးနိုင်ငံသည် ၂၀၁၇ ခုနှစ်မှစ၍ အင်ကာရာမြို့ အစ္စရေးသံရုံး၌ သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ယူခဲ့သော အမျိုးသမီးသံတမန်အီရစ်လီလီယန်ကို တူရကီနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ၂၀၂၃ ခုနှစ်အတွက် စစ်ရေးရည်မှန်းချက်များ မြောက်ကိုရီးယားခေါင်းဆောင် ချမှတ်

**ပြုံယမ်း ဒီဇင်ဘာ ၂၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် လက်ရှိကျင်းပနေသော ကိုရီးယားအလုပ်သမားပါတီဗဟိုကော်မတီ ဆဋ္ဌမအကြိမ် မျက်နှာစုံညီ အစည်းအဝေး၌ ၂၀၂၃ ခုနှစ်အတွက် စစ်ရေးရည်မှန်းချက်သစ်များ ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုရီးယားအလုပ်သမားပါတီဗဟိုကော်မတီ ဆဋ္ဌမအကြိမ်မျက်နှာစုံညီအစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ဒီဇင်ဘာ ၂၇ ရက်တွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ၂၀၂၃ ခုနှစ်အတွက် စစ်ရေးရည်မှန်းချက်သစ်များ ချမှတ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် မြောက်ကိုရီးယားခေါင်းဆောင်ချမှတ်ခဲ့သည့် စစ်ရေးရည်မှန်းချက်သစ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်နှာစုံညီပါတီညီလာခံတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယားကျွန်းဆွယ်၌ ပေါ်ထွက်လာသည့် အခြေအနေသစ်များကို လေ့လာသုံးသပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုနယ်ပယ် အပါအဝင် နယ်ပယ်မျိုးစုံ၌ မြောက်ကိုရီးယားနိုင်ငံ အင်အားကောင်းလာမှုနှင့်ပတ်သက်၍ အသေးစိတ်အစီရင်ခံစာ တစ်ရပ်ကိုလည်း အလုပ်သမားပါတီ ဗဟိုကော်မတီညီလာခံ၌ ကင်ဂျုံအန်က တင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် ၂၀၂၃ ခုနှစ်အတွက် သတ္တုလုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း အဓိကရည်မှန်းချက်များကို ကင်ဂျုံအန်က တင်ပြထားကြောင်း သိရသည်။

KKO

## ရက်သတ္တပတ်ကြာ နှစ်နိုင်ငံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှု တရုတ်နှင့်ရုရှားနိုင်ငံတို့ အဆုံးသတ်



**မော်စကို ဒီဇင်ဘာ ၂၈**

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ရက်သတ္တပတ်ကြာ နှစ်နိုင်ငံရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို ဒီဇင်ဘာ ၂၇ ရက်တွင် အဆုံးသတ်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ ပြုလုပ်ခဲ့သည့် အဆိုပါနှစ်နိုင်ငံရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ ကန်ကျန်းပြည်နယ် ကမ်းလွန်ရေပြင်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရုရှားပစိဖိတ်ရေတပ်မှ စစ်သင်္ဘောများပါဝင်ခဲ့သည်။

ပစိဖိတ်ရေတပ်မှ စစ်သင်္ဘောများနှင့်တရုတ်ရေတပ်မှ စစ်သင်္ဘောများသည် နှစ်နိုင်ငံရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှု မူဘောင်အတွင်း လက်တွေ့လေ့ကျင့်မှုများ အဆုံးသတ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

တစ်ချိန်က ကမ္ဘာ့ကွန်မြူနစ်နိုင်ငံများ၏ ခေါင်းဆောင်ဖြစ်ခဲ့ဖူးသော ရုရှားနိုင်ငံသည် လက်ရှိအချိန်တွင် ၂၁ ရာစုခေတ် နည်းပညာနယ်ပယ်အချို့၌ ဦးဆောင်နေပြီဖြစ်သော တရုတ်နိုင်ငံကို အဓိက မဟာမိတ်အဖြစ် အားပြုထားရသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ယခုနှစ်စပိုင်းတွင် အကန့်အသတ်မဲ့မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးထားရှိမည့်အစီအစဉ်ကို ကြေညာထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုနှစ်မကုန်မီ ရုရှားသမ္မတ ပူတင်နှင့်ဆွေးနွေးရန် စီစဉ်ထားသည်ဟု ရုရှား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

KKO

## အီရန်-အီရတ် စစ်ပွဲအတွင်းကျဆုံးသူ ဦးရေ ၄၀၀ တို့၏ ရုပ်ကြွင်းများ ပင်လယ်ကမ်းခြေ မြို့နယ်များ

**တီဟီရန် ဒီဇင်ဘာ ၂၈**

၁၉၈၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော အီရန်-အီရတ် စစ်ပွဲ၌ သေဆုံးခဲ့ရသော အီရန်တပ်ဖွဲ့ဝင် ဦးရေ ၄၀၀ တို့၏ ဈာပန အခမ်းအနားကို အီရန်နိုင်ငံက ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အီရန်အစိုးရက ကြီးမှူးကျင်းပသော အဆိုပါဈာပနအခမ်းအနားသို့ အီရန်ပြည်သူရာပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။

အီရန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလကလည်း အီရန်-အီရတ် စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် အမည်မသိစစ်သည် ဦးရေ ၂၅၀ တို့၏ဈာပနအခမ်းအနားကို ကျင်းပခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ဈာပနအခမ်းအနား ကျင်းပပေးခဲ့ရသော ကျဆုံးစစ်သည် ဦးရေ ၄၀၀တို့သည် အီရန်-အီရတ်စစ်ပွဲ အဓိက စစ်မြေပြင်လေးခု၌ ကျဆုံးခဲ့သူများဖြစ်သည်ဟု အီရန်မီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အီရန်နှင့် အီရတ်တို့သည် နယ်စပ်ဒေသများ၌ ပြန်လည်ရှာဖွေတွေ့ရှိရသည့်ကျဆုံးနှစ်ဖက်စစ်သည်များ၏ ရုပ်အလောင်းများကို မကြာခဏဆိုသလို တစ်ဖက်နှင့်တစ်ဖက် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ် အီရန်-အီရတ် စစ်ပွဲအတွင်း နှစ်ဖက်စလုံး၌ လူပေါင်းတစ်သန်းကျော် သေကျေပျက်စီးခဲ့ရကြောင်း သိရသည်။

KKO

## သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့ ထိပ်သီးဆွေးနွေးပွဲအတွက် အမေရိကန်နှင့်ဂျပန် နှစ်နိုင်ငံတာဝန်ရှိသူများ စီစဉ်နေ

**တိုကျို ဒီဇင်ဘာ ၂၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့ကြား ထိပ်သီးဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင်ကျင်းပနိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများကစီစဉ်နေကြောင်း ဂျပန်ပြည်တွင်း မီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



သမ္မတဂျိုးဘိုင်ဒင်နှင့် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့ကြား ထိပ်သီးဆွေးနွေးပွဲအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက စီစဉ်နေကြောင်း ဂျပန်အစိုးရသတင်းအရင်းအမြစ်များက ယူမီယူရီ နေ့စဉ်သတင်းစာသို့ ထုတ်ဖော်ပြောကြားထားသည်။

ဂျပန်တာဝန်ရှိသူများ၏ အဆိုအရ ၎င်းထိပ်သီးညီလာခံကို ဝါရှင်တန်မြို့၌ ၂၀၂၃ခုနှစ်ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပနိုင်ကြောင်း သိရသည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယခုလအတွင်းကြေညာထားသည့် ဂျပန်လုံခြုံရေးမူဝါဒသစ်နှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း ယူမီယူရီ သတင်းစာက သတင်းထုတ်ပြန်ထားသည်။


အဆိုပါ ဆွေးနွေးပွဲအစီအစဉ် ဖြစ်မြောက်ခဲ့ပါက ယင်းဆွေးနွေးပွဲသည် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါအတွက် ဝန်ကြီးချုပ်ရာထူးရယူပြီး နောက်ပိုင်း ပထမဆုံးအိမ်ဖြူတော် ထိပ်သီးဆွေးနွေးပွဲဖြစ်လာလိမ့်မည်ဖြစ်သည်။

ထို့အတူ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်နှစ် ဂျီ-၇ ထိပ်သီးညီလာခံအတွက် ဂျပန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ထရက်ပစ်-၁ ကြယ်မျက်နှာပြင်ပေါက်ကွဲမှုများက ဗဟိုပြုလှည့်ပတ်နေသောဂြိုဟ်များ၏အတွင်းအပူချိန်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်



**ဘန်း ဒီဇင်ဘာ ၂၈**

ထရက်ပစ်-၁ ကြယ်၏ မျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုများသည် ၎င်းကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်များ၏အတွင်းအပူချိန်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၇ ရက်က ရေးသားတင်ပြထားသည်။

ထရက်ပစ်-၁ ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၉ နှစ်အကွာတွင် တည်ရှိသည့်ကြယ်စနစ်ဖြစ်ပြီး ၎င်းကြယ်ကို အနည်းဆုံး ကျောက်သားဂြိုဟ် ခုနစ်စင်းက ဗဟိုပြုလှည့်ပတ်နေကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ ဘန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ထရက်ပစ်-၁ ကြယ်၏ မျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများသည် ၎င်းကြယ်ကို ဗဟိုပြုလှည့်ပတ်နေသောဂြိုဟ်များ အထူးသဖြင့် အတွင်းပတ်လမ်းတွင်းရှိ ဂြိုဟ်များ၏ အတွင်းပိုင်းအပူချိန်အပေါ် အကျိုးသက်ရောက်မှုရှိပြီး ဘူမိလှုပ်ရှားမှုများကို ဖန်တီးပေးနိုင်ဖွယ်ရှိကြောင်း၊ အဆိုပါကြယ်နှင့် အနီးဆုံးဂြိုဟ်များ၌ အတွင်းအပူဓာတ် သိသိသာသာအားကောင်းလာနိုင်ပြီး ဘူမိလှုပ်ရှားမှုများ ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါဖြစ်စဉ်သည် ဘူမိကာလအတိုင်းအတာအရ ကာလကြာမြင့်တတ်ရာ ၎င်းဂြိုဟ်များပေါ်၌ သက်ရှိများ ရှင်သန်နိုင်မည့် အခြေအနေများ ထွက်ပေါ်လာနိုင်ခြေရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

သို့ဖြစ်ရာ ထရက်ပစ်-၁ ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသောဂြိုဟ်များအနက် အနည်းဆုံးတစ်စင်းတွင် ကမ္ဘာမြေ၊ အင်္ဂါဂြိုဟ်နှင့် သောကြာဂြိုဟ်တို့၏ လေထုလွှာမျိုးကဲ့သို့ လေထုလွှာမျိုးရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## တရုတ်နိုင်ငံက ၂၀၂၅ ခုနှစ်တွင် လွှတ်တင်မည့် ချန်အာ-၆ လဆင်းယာဉ် နိုင်ငံတကာလေ့လာစမ်းသပ်မှုစနစ်များကို သယ်ဆောင်သွားမည်

**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ်နိုင်ငံက ၂၀၂၅ ခုနှစ်တွင် လွှတ်တင်မည့် ချန်အာ-၆ လဆင်းယာဉ်သည် နိုင်ငံတကာလေ့လာစမ်းသပ်မှုစနစ်များကိုလည်း သယ်ဆောင်သွားမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၇ ရက်က ရေးသားတင်ပြထားသည်။

လကမ္ဘာအခြားဘက်ခြမ်း၌ ဆင်းသက်မည့် ချန်အာ-၆ လဆင်းယာဉ်သည် လကမ္ဘာကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်မည့်မစ်ရှင်အတွက် လွှတ်တင်မည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏အဆိုအရ ချန်အာ-၆ လဆင်းယာဉ်သည် ပြင်သစ်၊ အီတလီနှင့် ဆွီဒင်သိပ္ပံအဖွဲ့အစည်းများမှ စူးစမ်းလေ့လာရေးစနစ်သုံးမျိုးနှင့် ပါကစ္စတန်နိုင်ငံ၏ ကျူဆက်ဂြိုဟ်တုငယ်တစ်စင်းကိုပါ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



တရုတ်နိုင်ငံသည် ချန်အာ-၅ မစ်ရှင် အောင်မြင်မှုရခဲ့ပြီးနောက် ချန်အာ-၆ မစ်ရှင်ကို ထပ်မံလွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ချန်အာ-၅ လဆင်းယာဉ်သည် လကမ္ဘာကျောက်သားနမူနာများကို နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာမြေဆီသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်။

လွှတ်တင်ပြီးချိန်တွင် ချန်အာ-၆ လဆင်းယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်း တောင်ဝင်ရိုးစွန်း-အစ်ကန်းမြစ်ဝှမ်းလွင်ပြင်၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက ကိုးဖန်-၁၁၀၄ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုသစ်တစ်စင်းကို ဒီဇင်ဘာ ၂၇ ရက်တွင် လွှတ်တင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ်နိုင်ငံသည် ကိုးဖန်-၁၁၀၄ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုသစ်တစ်စင်းကို ဒီဇင်ဘာ ၂၇ ရက်က လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ ရေးသားတင်ပြထားသည်။

ကိုးဖန်-၁၁၀၄ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လောင်းမတ်ချ်-၄ ဘီဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမက်ချ်-၄ ဘီ ဒုံးပျံသည် ကိုးဖန်-၁၁၀၄ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကို လယ်ယာမြေအရင်းအမြစ်များတိုင်းတာရေး၊ မြို့ပြစီမံချက်ရေးဆွဲရေး၊ လမ်းကွန်ရက်ဒီဇိုင်းရေးဆွဲရေး အပါအဝင် နယ်ပယ်အများအပြား၌ အသုံးချရန် တရုတ်နိုင်ငံက စီစဉ်ထားသည်။

ကိုးဖန်-၁၁၀၄ မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၄၅၇ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုးဖန်-၁၁၀၄ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုသည် တရုတ်နိုင်ငံက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၄၁ စင်းမြောက်ဂြိုဟ်တုဖြစ်ပြီး တရုတ်နိုင်ငံသည် ကိုးဖန်-၁၁၀၄ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုကွန်ရက်စီမံကိန်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

KKO

# H E A L T H

## ပုံစံ-၂ ဆီးချိုလူနာများ မက်ဖော်မင်ဆေးသုံးစွဲမှု ဒူးရိုးနှင့်တင်ပါးဆုံရိုးအစားထိုးရနိုင်ခြေနည်းပါး

**ပေကျင်း ဒီဇင်ဘာ ၂၈**

ပုံစံ-၂ ဆီးချိုရောဂါလူနာများအတွက် မက်ဖော်မင်ဆေးသုံးစွဲမှုသည် ဒူးရိုးနှင့် တင်ပါးဆုံရိုး အစားထိုးကုသမှုခံယူရနိုင်ခြေ နည်းပါးကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၇ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ ကျူကျန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် မက်ဖော်မင်ဆေးသုံးစွဲနေသူပုံစံ-၂ ဆီးချိုလူနာများနှင့် မက်ဖော်မင်ဆေးမသုံးစွဲသူ ပုံစံ-၂ ဆီးချိုလူနာစုစုပေါင်း ၄၀၀၀၀ ကျော်တို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ မက်ဖော်မင်ဆေးသုံးစွဲသူလူနာများသည် ထိုဆေးမသုံးစွဲသူလူနာများထက် ဒူးရိုးအစားထိုးရနိုင်ခြေ သို့မဟုတ် တင်ပါးဆုံရိုးအစားထိုးရနိုင်ခြေ ပိုနည်းပါးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပုံစံ-၂ ဆီးချိုရောဂါလူနာများ မက်ဖော်မင်ဆေးသုံးစွဲမှုသည် ဒူးရိုးအစားထိုးကုသမှု ခံယူရနိုင်ခြေ သိသိသာသာ လျော့ပါးလာမှုနှင့် ဆက်စပ်နေကြောင်း၊ သို့ဖြစ်ရာ မက်ဖော်မင်ဆေးသည် အရိုးဆက်ရောင်ရမ်းနာရောဂါ (Osteoarthritis) လူနာများအတွက်လည်း အကျိုးကျေးဇူးရှိနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အရိုးဆက်ရောင်ရမ်းနာရောဂါကုသရာတွင် မက်ဖော်မင်ဆေးကို အသုံးချနိုင်မှုရှိ၊ မရှိ ဖော်ထုတ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားပြီး မက်ဖော်မင်ဆေးသည် ရောင်ရမ်းမှုပြဿနာနှင့် အရိုးနုများ ထိခိုက်ပျက်စီးမှုကို ပြုပြင်ထိန်းသိမ်းပေးနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။ KKO

## ကိုဗစ်လူနာများ ဆေးရုံတက်နှင့်သေဆုံးရနိုင်ခြေကို Molnupiravir ဆေးက လျှော့ချမပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၂၈**

Molnupiravir အမည်ရှိ ဗိုင်းရပ်တိုက်ဖျက်ရေးဆေးတစ်မျိုးသည် ကိုဗစ်ရောဂါလူနာများ ဆေးရုံတက်ရနိုင်ခြေနှင့် ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေတို့ကို လျှော့ချပေးနိုင်မှုမရှိကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၂၇ ရက်က ရေးသားတင်ပြထားသည်။

Molnupiravir ဆေးသည် ၂၀၂၁ ခုနှစ် ဆောင်းရာသီမှစ၍ ကိုဗစ်ရောဂါလူနာများ နေအိမ်မှာပင် သုံးစွဲခွင့်ရထားသောဆေးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Molnupiravir ဆေး၏အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံထားပြီးသား ကိုဗစ်ရောဂါလူနာပေါင်း ၂၅၀၀၀ ကျော်ကို နှစ်စုခွဲ၍ Molnupiravir ဆေးဖြင့်လည်းကောင်း၊ ပုံမှန်ထုံးများဖြင့်လည်းကောင်း လက်တွေ့စမ်းသပ်ကုသခဲ့ကြပြီး လေ့လာချက်ရလဒ်များအရ လူနာအစုနှစ်စုလုံးတွင် ရောဂါကြောင့် ဆေးရုံတက်ရနိုင်ခြေ၊ ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေတို့မှာ ကွာခြားမှုမရှိကြောင်း ဗြိတိန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ရာတွင် Molnupiravir ဆေးသည် ရောဂါမှပြန်သက်သာချိန်မြန်ဆန်ခြင်း၊ နောက်ဆက်တွဲဆေးဝါးကုသမှုများ ပြုလုပ်ရမှုအကြိမ်ရေကို လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရှိနေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘက်တစ်အသင်းမှ အဂလီစီးယက်စ်ကို အေတီကိုအသင်း ခေါ်ယူရန်ကြိုးပမ်း

**မက်ဒရစ် ဒီဇင်ဘာ ၂၈**

အေတီကိုအသင်းသည် အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် ဂျာအိုဖီးလစ်၏နေရာတွင် အစားထိုးရန်အတွက် ဘက်တစ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး အဂလီစီးယက်စ်ကို ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အေတီကိုအသင်းသည် ကန်ဟာကို ဝုဝ်အသင်းသို့ လက်လွှတ်ခဲ့ရပြီး ဂျာအိုဖီးလစ်သည်လည်း ပရီးမီးယားလိဂ်ကလပ်သို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန် သေချာနေသောကြောင့် အသင်းတိုက်စစ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် ဘက်တစ်အသင်းနှင့် အနာဂတ်မသေချာသည့် တိုက်စစ်မှူး အဂလီစီးယက်စ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် ချိတ်ဆက်နေသည်။

အဂလီစီးယက်စ်သည် ဘက်တစ်အသင်းနှင့် ၂၀၂၆ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းသည် ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲတွင် ၁၃ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ရှစ်ဂိုးထိသွင်းယူနိုင်ခဲ့ကာ အသင်းကို ရမှတ် ၂၄ မှတ်ထိရရှိအောင် ကူညီနိုင်ခဲ့သဖြင့် အေတီကိုအသင်းနည်းပြ ဆီမွန်နီက ၎င်းကိုခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အေတီကိုအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၄ ပွဲကစားအပြီးတွင် ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးဖြင့် ရမှတ် ၂၄ မှတ်ရရှိကာ ဘက်တစ်အသင်း၊ ဘီလ်ဘာအိုအသင်းတို့နှင့်ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားအဆင့်(၅) နေရာတွင်ရောက်ရှိနေသောကြောင့် ရာသီပိတ်သိမ်းချိန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်သေချာရန်အတွက် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ML



# ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား ရီစီဂျိမ်း ဒဏ်ရာထပ်မံရရှိ



**လန်ဒန် ဒီဇင်ဘာ ၂၈**

ချဲလ်ဆီးအသင်းက ဘုန်းမောက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသည့် ခံစစ်ကစားသမား ရီစီဂျိမ်းသည် ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီစီဂျိမ်းသည် ပြီးခဲ့သည့် အောက်တိုဘာလက ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် အေစီမီလန်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် အနားယူခဲ့ရကာ အင်္ဂလန်အသင်းနှင့်ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ခဲ့ရပြီး ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်ခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်တွင် ဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် အက်ပီလီကျူတာနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ၎င်း၏ဒဏ်ရာအခြေအနေနှင့်ပတ်သက်ပြီး ချဲလ်ဆီးအသင်းဆေးအဖွဲ့က လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့သကဲ့သို့ စကန်ဖတ်စစ်ဆေးမှုများပြီးပါက လာမည့် ၄၈ နာရီအတွင်း အတည်ပြုထုတ်ပြန်သွားမည်ဖြစ်သည်။

ချဲလ်ဆီးအသင်း နည်းပြပေါ်တာက "ရီစီဂျိမ်းကစွမ်းဆောင်ရည်ကောင်းတဲ့ ကစားသမားတစ်ဦးပါ။ ဒါပေမဲ့ သူ့ရဲ့ဒဏ်ရာပြဿနာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့လွဲချော်ခဲ့ရသလို အခုပွဲစဉ်မှာလဲ ဒဏ်ရာထပ်မံရရှိခဲ့ပါတယ်။ သူ့ဒဏ်ရာကို လာမဲ့ ၄၈ နာရီ လောက်တော့စောင့်ကြည့်သွားရမှာပါ။ အသင်းအနေနဲ့ သူ့လိုကစားမျိုးကို အမြန်ဆုံးလက်လွှတ်လိုက်ရတာ ဆုံးရှုံးမှုတစ်ခုပါ။ သူ့ဒဏ်ရာအခြေအနေမပြင်းထန်ပါစေနဲ့လို့ပဲ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# အသင်း၏အနာဂတ်စီမံကိန်းတွင် ပါဝင်သည့် ရော်ဘတ်တိုကို သက်တမ်းတိုးမည်ဟု ဘာစီလိုနာအသင်းနည်းပြ ဇာဗီပြောကြား

**မက်ဒရစ် ဒီဇင်ဘာ ၂၈**

ဘာစီလိုနာအသင်း နည်းပြ ဇာဗီက ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား ရော်ဘတ်တိုကို အသင်း၏အနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဟုပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရော်ဘတ်တိုသည် လာမည့် ၂၀၂၃ ခုနှစ် ဇွန်လတွင် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ အလွတ်ပြောင်းရွှေ့ခွင့်မပြုနိုင်သည့် နည်းပြဇာဗီက ၎င်းကို အသင်း၏ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းခဲ့ပြီး သက်တမ်းတိုးရန် စီစဉ်သွားမည်ဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းနည်းပြဇာဗီသည် အသင်းခံစစ်ပိုင်းမှ အလွန်ဆိုနှင့် ဘလိတ်တို့ကိုစာချုပ်သက်တမ်းတိုးရန် ဆွေးနွေးနေပြီး ၎င်းတို့နှင့်သက်တမ်းတိုးကိစ္စပြီးပါက ရော်ဘတ်တိုကို သက်တမ်းတိုးရန် ဆွေးနွေးသွားမည်ဖြစ်သည်။

ဘာစီလိုနာအသင်းနည်းပြဇာဗီက "ရော်ဘတ်တိုက ဘောလုံးစွမ်းရည်ကောင်းတဲ့ ကစားသမားတစ်ဦးပါ။ သူက ညာတောင်ပံခံစစ်ပိုင်းသာမက ကွင်းလယ်မှာလဲနေရာစုံပါဝင်ကစားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ဒါကြောင့် သူ့ကို သက်တမ်းတိုးဖို့ ဆုံးဖြတ်ခဲ့တာပါ။ အသင်းအနေနဲ့ သူ့လိုကစားသမားမျိုးကို အလွတ်ပြောင်းရွှေ့ခွင့်ပြုမှာမဟုတ်ပါဘူး"ဟုပြောကြားခဲ့သည်။

အသက် ၃၀ နှစ်ရှိ ရော်ဘတ်တိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ကြွက်သားဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသဖြင့် အမှတ်ပေးပြိုင်ပွဲ ကိုးပွဲသာပါဝင်ခဲ့ရသော်လည်း သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း ဒဏ်ရာပြဿနာကြောင့် ရုန်းကန်နေရသော်လည်း အမှတ်ပေးပြိုင်ပွဲ ကိုးပွဲပါဝင်ကစားခဲ့ရာ နှစ်ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အဲဗာတန်အသင်းနှင့် သက်တမ်းတိုးရန် ကြန့်ကြာနေသည့် ဂိုးသမား ပစ်ဖိုဒ်ကို ချဲလ်ဆီးအသင်း၊ စပါးအသင်းနှင့် မန်ယူအသင်းတို့ကခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် ချဲလ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို နယူးကာဆယ်အသင်းက ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- လာမည့် ဇန်နဝါရီလပွဲစဉ်များတွင် တိုက်စစ်မှူး မက်ဆီပြန်လည်ပါဝင်မည်ဟု ပီအက်စ်ဂျီအသင်းနည်းပြ ဂယ်တီယာက ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် တိုက်စစ်မှူး တစ်ဦးထပ်မံခေါ်ယူမည်ဖြစ်သော်လည်း အသင်း၏ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အလဲအထပ်ပြုလုပ်ရန်သာ စီစဉ်ထားကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့ကြောင်း သိရသည်။

ML

### ပြင်သစ်လီဂူး ပွဲစဉ်(၁၆) ရလဒ်

| | | | | |
|---|---|---|---|---|
| အေဂျက်စီယို | ၁ | - | ၀ | အန်ဂါ |
| ထရွိုင်းယက် | ၀ | - | ၀ | နန့်တက် |
| အော်ဇေး | ၂ | - | ၃ | မိုနာကို |

(၀၄၀)

# အမေရိကန်ထိပ်တန်းဂေါက်သီးရိုက်ကစားသမား ဖီးလ်မစ်ကယ်ဆန် နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာ့အဆင့်အနိမ့်ဆုံးသို့ ပထမဆုံးကျဆင်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ၏အအောင်မြင်ဆုံးဂေါက်သီးရိုက်ကစားသမားစာရင်းတွင် ပါဝင်နေသည့် ဖီးလ်မစ်ကယ်ဆန်သည် နှစ်ပေါင်း ၃၀အတွင်း ကမ္ဘာ့အဆင့်အနိမ့်ဆုံးသို့ ပထမဆုံးကျဆင်းခဲ့ရသည်ဟု Golf Digest က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီးလ်မစ်ကယ်ဆန်သည် ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် ပြဿနာတစ်ချို့နှင့်ရင်ဆိုင်ခဲ့ရပြီး PGA Tour ပြိုင်ပွဲကို ဝေဖန်မှုကြောင့် အရေးယူမှုဖြင့် ရင်ဆိုင်ခဲ့ရသည်။

ထို့ပြင် ၎င်းသည် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပူးပေါင်းခဲ့ခြင်းကြောင့် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်(၂၀၀)အောက်သို့ ရောက်ရှိခဲ့ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံး ကမ္ဘာ့အဆင့်သတ်မှတ်ချက်သို့ ပထမဆုံးကျဆင်းခဲ့ရခြင်းဖြစ်သည်။

PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလား ၄၅ လုံးထိရရှိထားသည့် ဖီးလ်မစ်ကယ်ဆန်သည် ကမ္ဘာ့အဆင့် (၂၁၃)ထိကျဆင်းခဲ့ရပြီးနောက် ၎င်းအတွက် စိတ်ပျက်စရာကောင်းသည့်အခြေအနေနှင့် ရင်ဆိုင်နေရပြီး ၂၀၂၃ ခုနှစ်တွင် ယင်းအခြေအနေဆိုးမှ ရုန်းထွက်နိုင်အောင် ကြိုးစားသွားမည်ဟု ဖီးလ်မစ်ကယ်ဆန်က ပြောကြားခဲ့သည်။

သို့သော် ဖီးလ်မစ်ကယ်ဆန်သည် ၂၀၂၃ ခုနှစ်ဂေါက်သီးရိုက်ရာသီတွင်လည်း LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲ၌သာ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရမှသာ PGA Tour ပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်သွားဖွယ်ရှိနေကာ ၎င်းသည် ဆုကြေးငွေမြင့်မားသည့် LIV Golf တွင်သာ ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည့်အတွက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် Official World Golf Ranking က LIV Golf ပြိုင်ပွဲမှ ရလဒ်များကို ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ထည့်သွင်းမည် မဟုတ်ကြောင်း ထုတ်ပြန်ထားသည်။



ထို့ကြောင့် ဖီးလ်မစ်ကယ်ဆန်သည် LIV Golf တွင် အောင်မြင်မှုရရှိပါကဆုကြေးငွေ အမြောက်အမြားကိုခံစားခွင့်ရနိုင်မည်ဖြစ်သော်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်ပြန်လည်မြင့်တက်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။

AZL

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်အားပေးခဲ့ကြသည်။

ဦးစွာ တတိယလုပွဲ၌ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပခဲ့ရာ စတုတ္ထဆုရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ဂုဏ်ပြုဆု ငွေကျပ် ငါးသိန်း၊ တတိယဆုရ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က ဂုဏ်ပြုဆုငွေကျပ် ၁၅သိန်း၊ ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆု ငွေကျပ် သိန်း ၂၀ နှင့် တံခွန်စိုက်ဆုဖလားတို့ကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

STA

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားမြန်မာ့ရိုးရာခြင်းလုံးအမျိုးသားလေးပေါက်တန်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားရုံ(၁)တွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခြင်းလုံးဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားမြန်မာ့ရိုးရာခြင်းလုံးအမျိုးသားလေးပေါက်တန်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျွန်းရွှေဝါခြင်းလုံးအသင်း(မြောက်ဒဂုံ)အသင်းနှင့်တပ်မတော်ခြင်းလုံးအသင်း(သန်လျင်)တို့ယှဉ်ပြိုင်ကစားခဲ့ရာ တပ်မတော်ခြင်းလုံးအသင်းက ရမှတ် ၁၃၄၇-၁၂၃၀ ဖြင့် ကျွန်းရွှေဝါခြင်းလုံးအသင်းကို အနိုင်ရရှိခဲ့ပြီး တံခွန်စိုက်ဆုဆွတ်ခူးနိုင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပခဲ့ရာ တတိယဆုရ မြို့မခြင်းလုံးအသင်း(ဗဟန်း)အသင်းကို မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်ကလည်းကောင်း၊ ဒုတိယဆုရ ကျွန်းရွှေဝါခြင်းလုံးအသင်း(မြောက်ဒဂုံ)ကို တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက လည်းကောင်း၊ ပထမဆုရ တပ်မတော်ခြင်းလုံးအသင်း(သန်လျင်)ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကိုလည်းကောင်းအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် ဒီဇင်ဘာ ၂၆ရက်မှ ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိ



အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ တတိယလုပွဲအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲအဖြစ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဒီဇင်ဘာ ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# United Cupတင်းနစ်ပြိုင်ပွဲတွင် နစ်ခ်ကိုင်ဂျီအိုစ် ပါဝင်မည်မဟုတ်ကြောင်း ထုတ်ပြန်

**ကင်ဘာရာ ဒီဇင်ဘာ ၂၈**

သြစတြေးလျနိုင်ငံတွင်ကျင်းပမည့် United Cupတင်းနစ်ပြိုင်ပွဲတွင် သြစတြေးလျအသင်းအတွက် ပါဝင်ကစားပေးနိုင်တော့မည်မဟုတ်ဟု နစ်ခ်ကိုင်ဂျီအိုစ်က ထုတ်ပြန်ခဲ့ကြောင်း ABC News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သြစတြေးလျ အသင်းသည် United Cup တွင် ဂရိတ်ဗြိတိန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး နစ်ခ်ကိုင်ဂျီအိုစ်သည် သြစတြေးလျအသင်းအတွက် ကစားပေးရန် ပြင်ဆင်ထားသော်လည်း ဒဏ်ရာရရှိခဲ့သည့်အတွက်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နစ်ခ်ကိုင်ဂျီအိုစ်သည် United Cup တင်းနစ်ပြိုင်ပွဲ သြစတြေးလျအသင်းကို ဦးဆောင်မည့် ကစားသမားအဖြစ် သတ်မှတ်ခံထားရသော်လည်းအသင်းမှ နုတ်ထွက်ခဲ့သည့်အတွက် ၎င်း၏နေရာတွင် အဲလက်ဒီမီနော့က အစားထိုးဦးဆောင်သွားမည်ဟု သြစတြေးလျတင်းနစ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

နစ်ခ်ကိုင်ဂျီအိုစ်က "သြစတြေးလျအသင်းအတွက် ပါဝင်ကစားပေးဖို့အကောင်းဆုံးပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ကံဆိုးစွာနဲ့ ဒဏ်ရာရရှိခဲ့ပါတယ်။ဒဏ်ရာကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့ရတယ်။ ဒဏ်ရာအခြေအနေက ဆိုးဆိုးရွားရွားတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ဒဏ်ရာအခြေအနေပိုဆိုးမှာစိုးရိမ်လို့ အနားယူဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

သြစတြေးလျအသင်းသည် ဒီဇင်ဘာ ၃၀ ရက်တွင် ဂရိတ်ဗြိတိန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် စပိန်အသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ AZL

# ချူဟက်ကျန်နှင့်ထိုးသတ်ပြီးပါက အဲရိုလ်စပန့်နှင့်ထိုးသတ်နိုင်ရန် စိန်ခေါ်သွားမည်ဟု ဂျာရွန်အန်နစ် ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန် လက်ဝှေ့သမား ဂျာရွန်အန်နစ်က IBF ယာယီ ဝယ်သာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ယူကရိန်းလက်ဝှေ့သမား ချူဟက်ကျန်နှင့် ဇန်နဝါရီ ၇ ရက်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်၌ ထိုးသတ်သွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အပြီးတွင် WBC၊ IBF ဝယ်သာဝိတ်တန်းချန်ပီယံနှင့် WBA(Super)ဝယ်သာဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား အဲရိုလ်စပန့်ကို စိန်ခေါ်သွားမည်ဟု ပြောကြားခဲ့ကြောင်း Ring News 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာရွန်အန်နစ်သည် ချူဟက်ကျန်ကို အနိုင်ထိုးသတ်နိုင်ပါက IBF ယာယီဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကိုဆွတ်ခူးနိုင်မည်ဖြစ်ပြီး IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကိုလည်း စိန်ခေါ်ခွင့်ရရှိမည်ဖြစ်ကာ ၎င်း၏ကစားသမားဘဝအတွက် ပထမဆုံးကမ္ဘာ့ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

ဂျာရွန်အန်နစ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၂၉ ပွဲထိုးသတ်ကာ ရှုံးပွဲမရှိသေးဘဲ ၂၇ ပွဲမှာဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိထားပြီး နှစ်ပွဲမှာ အမှတ်ဖြင့်အနိုင်ရထားသည်။

ဂျာရွန်အန်နစ်က "အဲရိုလ်စပန့်က သေချာပေါက် ကျွန်တော်နဲ့ထိုးသတ်ချင်ပါလိမ့်မယ်။ကျွန်တော့်အနေနဲ့ကလဲ အဲရိုလ်စပန်နဲ့ထိုးသတ်ဖို့ ချူဟက်ကျန်ကို ကျော်ဖြတ်နိုင်မယ်လို့ယုံကြည်ပါတယ်။ အဲရိုလ်စပန့်ကလဲ ကျွန်တော့်မှတ်တမ်းတွေကြည့်ပြီး ကျွန်တော်နဲ့ထိုးသတ်ချင်နေမှာပါ။ ကျွန်တော့်အနေနဲ့ ချူဟက်ကျန်ကို အနိုင်ထိုးသတ်ပြီးရင် အဲရိုလ်စပန်နဲ့ သေချာပေါက်ထိုးခွင့်ရလိမ့်မယ်လို့ ခံစားမိပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျာရွန်အန်နစ်သည် ချူဟက်ကျန်ကို ခက်ခက်ခဲခဲကျော်ဖြတ်ရဖွယ်ရှိနေပြီး ၎င်းကိုယ်တိုင်က ချူဟက်ကျန်၏ ထိုးသတ်ဟန်ကို မြင်တွေ့ဖူးခြင်းမရှိသေးဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အချိန်ကိုအကျိုးရှိစွာ အသုံးချသွားစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

အချိန်သည် စွမ်းအင်နှင့်ငွေကြေးကဲ့သို့ပင် တိကျသောအရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ထိရောက်စွာစီမံခန့်ခွဲသွားရန်လိုအပ်သည်။ အချိန်စီမံခန့်ခွဲမှုသည် သီးခြားသတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပေါ်တွင် အချိန်မည်မျှအသုံးချသွားမည်ဆိုသောအချက်အပေါ်တွင် မူတည်လျက်ရှိသည်။ အချိန်ကိုထိရောက်စွာစီမံခန့်ခွဲနိုင်ရေးအတွက် ရည်မှန်းချက်ချမှတ်ခြင်းနှင့် ဦးစားပေးတာဝန်များ ခွဲခြားသတ်မှတ်ခြင်းတို့လုပ်ဆောင်သွားရန် လိုအပ်သည်။

လူတစ်ဦးတစ်ယောက်အနေဖြင့် မည်သည့်လုပ်ငန်း လုပ်ဆောင်ရမည်ကိုမသိရှိလျှင် အချိန်ကိုစနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်မည်မဟုတ်ချေ။ လူငယ်တစ်ဦးအနေဖြင့် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ထားမည်ဆိုလျှင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်သည်။ သတ်မှတ်ထားသောအချိန်အတိုင်းအတာအတွင်း အပြီးသတ်အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များကို ရည်မှန်းချက်တာဝန်အလိုက် ခွဲခြားသတ်မှတ်ဆောင်ရွက်ထားရန်လိုအပ်သည်။ သာဓကအနေဖြင့် ရက်အလိုက်၊ သီတင်းပတ်အလိုက်၊ လအလိုက်၊ နှစ်အလိုက်ရည်မှန်းချက်တာဝန်များ ချမှတ်ထားမည်ဆိုလျှင် အချိန်ကိုစနစ်တကျစီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

တချို့သောလူငယ်များသည် လုပ်ငန်းတာဝန်များ အချိန်မီအကောင်အထည်ဖော်နိုင်ရေးအတွက် စနစ်တကျစီမံခန့်ခွဲနိုင်သည်။ တချို့သောသူများသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တခြားသူ၏အကူအညီလိုအပ်လေ့ရှိသည်။ နောက်ဆုံးအခြေအနေနှင့်အညီ အချိန်ဇယားရေးဆွဲထားမည်ဆိုလျှင် လုပ်ငန်းတာဝန်များကို သတ်မှတ်အချိန်အတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ လူတစ်ဦးသည် လုပ်ငန်းတာဝန်များကို မနားမနေ စဉ်ဆက်မပြတ်ထမ်းဆောင်နိုင်မည်မဟုတ်ချေ။ ရလဒ်ကောင်းမွန်ရေးအတွက် စိတ်နှင့်ကိုယ်ကို အနားပေးသွားရန်လိုအပ်သည်။ လုံလောက်စွာ အိပ်စက်အနားယူခြင်းနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများသည် စိတ်ဖိစီးမှုများလျှော့ချပြီး စွမ်းဆောင်ရည်ပိုမိုမြင့်တက်လာစေနိုင်သည်။

အချိန်ကို စနစ်တကျစီမံခန့်ခွဲခြင်းကြောင့် လုပ်ငန်းတာဝန်များကို အချိန်နည်းနည်းဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ သာဓကအနေဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ခြင်းသည် စိတ်ဖိစီးမှုများကိုလျှော့ချစေနိုင်ပြီး ရည်မှန်းချက်များအောင်မြင်ရေးအတွက်လည်း အထောက်အကူဖြစ်စေသည်။ သာဓကအနေဖြင့် ကျောင်းသားလူငယ်များသည် ပညာလေ့လာဆည်းပူးရာ၌ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်သောကြောင့် အားကစားအပါအဝင် ၎င်းတို့ဝါသနာပါသည့်အရာတစ်ခုခုကို လုပ်ဆောင်နိုင်မည့်အပြင် မိသားစုများနှင့်လည်း အတူနေထိုင်ချိန် ပိုမိုရရှိလာမည်ဖြစ်သည်။

ပညာသင်ယူစဉ် အချိန်ကိုစနစ်တကျစီမံခန့်ခွဲ၍ အပတ်တကုတ်ကြိုးစားခဲ့သောလူငယ်များသည် ဘဝတွင် အောင်မြင်မှုရရှိကြပြီး သက်ကြီးရွယ်အိုပိုင်းတွင်လည်း အေးချမ်းစွာဖြတ်သန်းနိုင်ကြသည်။ သို့သော် ငယ်စဉ်က တန်ဖိုးရှိသောအချိန်ကို အကျိုးမဲ့ဖြုန်းတီးခဲ့သူများသည် အောင်မြင်မှုနှင့် အလှမ်းကွာဝေးပြီး စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲဖြင့် ရုန်းကန်လှုပ်ရှားကြရသည်။ လူတစ်ဦး အောင်မြင်မှုရရှိခြင်းရှိ၊ မရှိသည် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။

**❖ စာပေဝါသနာထုံလာသောလူငယ်များသည် အချိန်ကို အလဟဿ မဖြုန်းတတ်ပေ။ နှစ်စဉ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သောကလေးများသည် စာပေကိုချစ်မြတ်နိုးပြီး တန်ဖိုးရှိသောအချိန်ကို စနစ်တကျစီမံခန့်ခွဲတတ်သူများဖြစ်ကြသည်။ လူငယ်များသည် စာအုပ်၊ စာပေများကို ဖတ်ရှုခြင်းအားဖြင့် တန်ဖိုးမဖြတ်နိုင်သော အတွေးအခေါ်များကို တူးဆွနိုင်ပါသည်။ အကျိုးပြုစာပေများ၊ အထူးသဖြင့် ဗုဒ္ဓတရားတော်များသည် လူငယ်များကို မှန်ကန်သောအတွေးအခေါ်များ ပေးစွမ်းပါသည်။ ❖**

လက်ရှိအချိန်တွင် တချို့သော လူငယ်များသည် ဖုန်းပွတ်ခြင်း၊ ဂိမ်းဆော့ခြင်း၊ ဘောလုံးပွဲကြည့်ခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ညဉ့်နက်သန်းခေါင် လျှောက်လည်ခြင်းအားဖြင့် တန်ဖိုးရှိသောအချိန်ကို အလဟဿဖြုန်းတီးလျက်ရှိသည်။ အထူးသဖြင့် တချို့သောလူငယ်များသည် ဖုန်းကြည့်ချိန်နှင့် လူမှုကွန်ရက်သုံးစွဲချိန်များလာပြီး မျက်မှန်ထူကြီးများ တပ်ဆင်ထားကြရသည်။ ကိုယ်လက်လှုပ်ရှားအားကစားလည်း လုပ်ဆောင်ခြင်းမရှိသဖြင့် ကျန်းမာသန်စွမ်းမှုမရှိတော့ပေ။ အနာဂတ်အတွက် ရင်လေးစရာပင်ဖြစ်သည်။

လက်ရှိအချိန်သည် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြိုင်ဆိုင်မှုလည်း ပြင်းထန်လာပြီဖြစ်သည်။ လူငယ်များအနေဖြင့် အသစ်သစ်သော နည်းပညာနှင့် ဘာသာစကားတစ်ခုခုကို သင်ယူနေမှသာလျှင် အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကို လေ့လာသင်ယူသွားသင့်သည်။ အားလပ်သည့်အချိန်တွင် သုတ၊ ရသ စာပေဖတ်ရှုခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်ဆောင်ခြင်းများလုပ်ဆောင်သွားမည်ဆိုလျှင် ကျန်းမာ၊ ချမ်းသာပြီး အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ တိုးတက်သောနိုင်ငံများတွင် လူငယ်များသည် စာဖတ်အားကောင်းကြသည်။ နေရာတိုင်းတွင် စာအုပ်ဆိုင်များ၊ စာကြည့်တိုက်များရှိနေသည်။ စာကြည့်တိုက်များဖွင့်လှစ်ထားနိုင်ခြင်းသည် ထောင်တံခါးများကို ပိတ်နိုင်ခြင်းပင်ဖြစ်သည်။

စာပေဝါသနာထုံလာသောလူငယ်များသည် အချိန်ကိုအလဟဿမဖြုန်းတတ်ပေ။ နှစ်စဉ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သောကလေးများသည် စာပေကိုချစ်မြတ်နိုးပြီး တန်ဖိုးရှိသောအချိန်ကို စနစ်တကျစီမံခန့်ခွဲတတ်သူများဖြစ်ကြသည်။ လူငယ်များသည် စာအုပ်၊ စာပေများကို ဖတ်ရှုခြင်းအားဖြင့် တန်ဖိုးမဖြတ်နိုင်သော အတွေးအခေါ်များကို တူးဆွနိုင်ပါသည်။ အကျိုးပြုစာပေများ၊ အထူးသဖြင့် ဗုဒ္ဓတရားတော်များသည် လူငယ်များကို မှန်ကန်သောအတွေးအခေါ်များ ပေးစွမ်းပါသည်။ အတွေးအခေါ်မှန်သောလူငယ်များဖြင့် တည်ဆောက်ထားသည့် လူ့အသိုက်အဝန်းသည် အေးချမ်းသာယာမှုရှိနေမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အစွန်းရောက်အတွေးအခေါ်များ ကိန်းအောင်းနေသော လူ့အသိုက်အဝန်းသည် သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်မှုများ ထူပြောနေမည်သာဖြစ်သည်။

ထို့ပြင် တချို့သော မိဘအုပ်ထိန်းသူများကိုယ်တိုင်သည်ပင်လျှင် ဇာတ်လမ်းတွဲများကြည့်ခြင်း၊ ဖုန်းပွတ်ခြင်း၊ လူမှုကွန်ရက်သုံးစွဲခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ဘီယာဆိုင်ထိုင်ခြင်း၊ ကေတီဗီဆိုင်သွားခြင်းဖြင့် တန်ဖိုးရှိသောအချိန်ကို အလဟဿဖြုန်းတီးလျက်ရှိသည်။ ထိုသို့ အချိန်ဖြုန်းတီးသူများသည် မိမိကိုယ်တိုင် အောင်မြင်သောဘဝကို တည်ဆောက်နိုင်စွမ်းမရှိသလို သား၊ သမီးများကိုလည်း ဦးဆောင်လမ်းပြနိုင်စွမ်းရှိမည်မဟုတ်ချေ။ ဘယ်သူမပြု မိမိမှုပင်ဖြစ်သည်။

နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုရရှိထားသူများကို ကြည့်မည်ဆိုလျှင် လျှို့ဝှက်ချက်ရှိနေပါသည်။ ထိုအရာကား အခြားမဟုတ်ချေ။ အချိန်ကို အကျိုးရှိစွာအသုံးချခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာဖြတ်သန်းကြခြင်းဖြစ်သည်။ တချို့သောထူးချွန်သူများသည် အားလပ်ချိန်တွင် လေ့လာဖတ်မှတ်သွားမည့်စာအုပ်နှင့် အကြောင်းအရာများကို ကြိုတင်စီစဉ်ထားလေ့ရှိသည်။ တချို့က ပညာရပ်တစ်ခုခုကို လေ့လာကြသည်။ မည်သို့ပင်ဆိုစေကာမူ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချသွားမည်ဆိုလျှင် အောင်မြင်မှုကို မလွဲမသွေရရှိသွားမည်မှာ ဧကန်မုချပင်ဖြစ်သည်။ ဤနေရာတွင် အောင်မြင်မှုကို ငွေကြေး၊ ရာထူးတို့ဖြင့် တိုင်းတာနိုင်မည်မဟုတ်ချေ။ ကိုယ့်ကျင့်တရားဖြင့်သာ တိုင်းတာနိုင်ပါသည်။ လူသားတို့၏စွမ်းအားသည် ကိုယ်ကျင့်တရားသာဖြစ်ပါသည်။ မည်မျှပင်တိုးတက်ကြီးပွား၊ ရာထူးမြင့်မားနေစေကာမူ ကိုယ်ကျင့်တရားမရှိသူသည် စာရိတ္တဆင်းရဲနေသူတစ်ဦးသာဖြစ်သည်။ လူငယ်များအနေဖြင့် စာရိတ္တချမ်းသာအောင် ကြိုးစားသွားသင့်သည်။

ငယ်ရွယ်နုပျိုသောလူငယ်တို့၏ဘဝသည် ကုန်ဆုံးမှုမြန်ဆန်လွန်းလှသည်။ တချို့သောလူငယ်များသည် ထိုသို့တန်ဖိုးရှိသည့်လူငယ်ဘဝကို အလဟဿဖြုန်းတီးခဲ့ကြသည်။ သတိမထားမိလိုက်သည့်တစ်ခဏအတွင်း လူငယ်ဘဝသည် ကုန်ဆုံးသွားကြသည်။ အချိန်အခါလွန်မှ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို စတင်သင်ယူမည်ဆိုလျှင် နောက်ကျသွားပြီဖြစ်သည်။ မျှော်မှန်းသလောက် ခရီးပေါက်မည်မဟုတ်ချေ။ လူ့ဘဝသည် အချိန်ကိုက်ဆောင်ရွက်သွားမှသာလျှင် အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ အားလပ်ချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်သူများသည် နယ်ပယ်တစ်ရပ်ရပ်တွင် အောင်မြင်မှုရရှိနေမည်ဖြစ်သည်။ ငယ်စဉ်ကတည်းက အားလပ်ချိန်ကို အကျိုးမဲ့ဖြုန်းတီးခဲ့ကြသူများသည် မည်သည့်အောင်မြင်မှုကိုမျှရရှိနိုင်မည်မဟုတ်ချေ။

လူတစ်ဦးသည် ဒါနလုပ်ဆောင်ခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်း၊ စီးပွားရှာဖွေခြင်း၊ ပညာလေ့လာဆည်းပူးခြင်းနှင့် ကျန်းမာရေးအထောက်အကူပြုလေ့ကျင့်ခန်းတစ်ခုခု လုပ်ဆောင်ခြင်းမရှိဘဲ နေ့တစ်နေ့ကို ဖြတ်သန်းသွားမည်ဆိုလျှင် အကျိုးမဲ့အသက်တစ်ရက်ကြီးသွားခြင်းပင်ဖြစ်သည်။ နေ့စဉ် ထိုသို့ဖြတ်သန်းသွားမည်ဆိုလျှင် ဘဝနေဝင်ချိန်သည် အနုတ်သဘောဆောင်နေမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာပျော်ရွှင်ပြီး အောင်မြင်သောဘဝ တည်ဆောက်နိုင်ရေးအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး အကြံပြုတိုက်တွန်းသွားလိုပါသည်။

# ကဝမြို့၌ ကျေးရွာနှစ်ရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကဝ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းက အမှာစကားပြောကြားပြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လွင်ပိုပိုသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) မတည်ရန်ပုံငွေများဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲကိုကိုက နေကြာစိုက်ပျိုးရေးနည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်း၊ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လွင်ပိုပိုသိန်းတို့က အောင်ကံလိုင်ကျေးရွာနှင့် အောင်နိုင်ကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မတည်ရန်ပုံငွေကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲကိုကို၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငွေးငွေးဝင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လွင်ပိုပိုသိန်းနှင့် ဝန်ထမ်းများ၊ အောင်ကံလိုင်ကျေးရွာနှင့် အောင်နိုင်ကြီးကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သန္တာ**

# ချစ်မိတော့လည်းဇွတ် ဇာတ်လမ်းတွဲ ဇန်နဝါရီလတွင် မဟာအက်ပလီကေးရှင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဒီဇင်ဘာ ၂၈**

ချစ်မိတော့လည်းဇွတ် အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မဟာအပလီကေးရှင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် အေးသီတာက ပြောပြ၍ သိရသည်။

မဟာအပလီကေးရှင်းတွင် ထုတ်လွှင့်ပြသမည့် ချစ်မိတော့လည်းဇွတ် ရုပ်သံဇာတ်လမ်းတွဲသည် ညမွှေးပန်း၏ ဇာတ်လမ်းကို ညမွှေးပန်း၊ ငွေစင်သွန်းနှင့် Bon-nie တို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ မဟာအပလီကေးရှင်းကနေ ထုတ်လွှင့်ဖို့အတွက် ရိုက်ကူးထားတာဖြစ်ပါတယ်။ MRTV -4 က ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ အောင်မြင်နေတဲ့ သရုပ်ဆောင် ခေးဆက်သွင်က အဓိကပါဝင်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဇာတ်မြူးလေးပါ။ ဒါပေမဲ့ ထင်မှတ်မထားတဲ့ အလှည့်အပြောင်းတွေကြောင့် ဒရာမာဇာတ်မြူးမကြိုက်တဲ့သူတွေတောင် အစအဆုံးထိကြည့်ဖြစ်သွားမှာပါ"ဟု သရုပ်ဆောင် အေးသီတာက ပြောပြသည်။

ချစ်မိတော့လည်းဇွတ် ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၁၅) ပိုင်းပါဝင်မည်ဖြစ်ပြီး သရုပ်ဆောင် ထက်အောင်ရှိန်း၊ ခေးဆက်သွင်၊ ဖုန်းသီရိကျော်၊ မင်းတော်ဝင်တို့အပြင် ဝါရင့်ဇာတ်ပို့သရုပ်ဆောင် ခင်မို့မို့အေး၊ အေးသီတာ၊ သာသာနှင့်အတူ အခြားအနုပညာရှင်များ ပါဝင်အားဖြည့်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ဂျော့ဖိုမင်၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကား ရုံတင်ပြသမည့်ရက် နောက်ဆုတ်ထား

**နယူးယောက် ဒီဇင်ဘာ ၂၈**

ကမ္ဘာကျော် လက်ဝှေ့သမား ဂျော့ဖိုမင်၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Affirm Films ရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်ထားကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

Affirm Films ရုပ်ရှင်ကုမ္ပဏီသည် ဂျော့ဖိုမင်အတ္ထုပ္ပတ္တိဇာတ်ကား ရုံတင်ရက်ကို ၂၀၂၃ ခုနှစ် မေ ၂၈ ရက်တွင် ရုံတင်ရန် စီစဉ်ထားကြောင်း၊ Affirm Films ရုပ်ရှင်ကုမ္ပဏီသည် မူလက အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ရုံတင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဂျော့ဖိုမင်၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားတွင် မင်းသား ခရစ်ဒေးဗစ်၊ ဖောရက်ဝစ်တိတ်ကာ၊ ဆူလီဝန်ဂျုံး၊ မင်းသမီး ဆွန်ဂျာဆိုးတို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသော အဆိုပါဇာတ်ကား၌ ဂျော့ဖိုမင်၏ဘဝကို ကလေးဘဝမှစ၍ နှစ်ထပ်ကွမ်းကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ၊ ကမ္ဘာ့အသက်အကြီးဆုံး ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာချိန်ထိ ရိုက်ကူးပုံဖော်မည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# ရွှေကျောက်မြောင်းပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်ထိ ပြသမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေကျောက်မြောင်းပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲစီစဉ်သူ ပန်းချီ ရဲမြတ်သူက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ၂၀၁၅- ၂၀၁၆ ပညာသင်နှစ် ကျောင်းဆင်း တက်သစ်စပန်းချီဆရာများဖြစ်သည့် ပန်းချီ မြင့်နိုင်၊ ပန်းချီ မို့မို့ဝင်း၊ ပန်းချီ ရဲမြတ်သူ၊ ပန်းချီ မာန်ဟိန်း၊ ပန်းချီ ဌေးဌေးအောင်၊ ပန်းချီ ထွန်းထွန်းဝင်း၊ ပန်းချီ ထိုက်ထိုက်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၃၀ ကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ကျောင်းဆင်းတွေရဲ့ လက်ရာစုံ ပန်းချီကား ၃၀ ကို ပြသမှာဖြစ်ပါတယ်။ အဲဒီထဲမှာ နာမည်ရနေပြီဖြစ်တဲ့ ပန်းချီ မို့မို့ဝင်း၊ ပန်းချီ ရဲမြတ်သူတို့လို ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေ ပါဝင်မှာဖြစ်ပါတယ်။ အများစုကတော့ မျက်နှာသစ်တွေရဲ့ အတွေးသစ်၊ လက်ရာသစ်တွေပါ"ဟု ပန်းချီပြပွဲစီစဉ်သူ ပန်းချီရဲမြတ်သူက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ စသည့်အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်နှစ်သိန်းမှ အများဆုံး ငွေကျပ်ငါးသိန်းထိဖြစ်ကြောင်း သိရသည်။

ASH

# Dead Man's Hand ဇာတ်ကား၌ မင်းသား ဂျက်ခ်ီးမား ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် ဒီဇင်ဘာ ၂၈**

Dead Man's Hand အမည်ရှိ အမေရိကန်အနောက်ပိုင်းသေနတ်သမားလောကနောက်ခံဇာတ်ကား၌ မင်းသား ဂျက်ခ်ီးမား ပါဝင်သရုပ်ဆောင်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျက်ခ်ီးမားသည် ချုံခိုတိုက်ခိုက်ခံခဲ့ရသော်လည်း အသက်မသေဘဲ ရန်သူများကို ပြန်လည်တုံ့ပြန်လက်စားချေခဲ့သော သေနတ်သမားဟောင်း တစ်ဦးအဖြစ် သရုပ်ဆောင်ထားခြင်းဖြစ်သည်။

Dead Man's Hand ဇာတ်ကားတွင်ဂျက်ခ်ီးမားနှင့်အတူ True Detective မင်းသား စတီဖင်ဒေါ့ဖ်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားကို နာမည်ကျော် ကာတွန်းရုပ်ပြဖြစ်သည့် No Rest of the Wicked-Dead Man's Hand ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

Dead Man's Hand ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီဗင်မိုင်နာနှင့် မက်သရူးမိုင်နာတို့က ရေးသားပေးထားပြီး ဒါရိုက်တာ ဘရိုင်းယန်စကီဘာက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။ KKO



# အရှိချင်း(မြေပြန့်ချင်း) တိုင်းရင်းသားများ၏ ရိုးရာကောက်သစ်စားပွဲတော် ကျင်းပမည်

**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးတွင် အရှိချင်း (မြေပြန့်ချင်း) တိုင်းရင်းသားများ၏ ရိုးရာကောက်သစ်စားပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အရှိချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဆလိုင်းအေးပိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အရှိချင်း(မြေပြန့်ချင်း) တိုင်းရင်းသားများ၏ ရိုးရာကောက်သစ်စားပွဲတော်ကို ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သဖန်းချုံကျေးရွာအုပ်စု ငှက်တော်ဦးကျေးရွာတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ကျင်းပနေကျဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အရှိချင်းတိုင်းရင်းသားတွေရဲ့ ကောက်သစ်စားပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမှာဖြစ်ပါတယ်။ ပွဲတော်မှာ မျိုးဆက်သစ်လူငယ်တွေကို ကောက်သစ်စားပွဲတော်အကြောင်း ရှင်းလင်းဟောပြောမဲ့ ဟောပြောပွဲလဲပါရှိမှာဖြစ်ပါတယ်။ ကောက်သစ်စားပွဲတော်လာရောက်သည်တွေကို ရိုးရာဝါးညှပ်အကနဲ့ ဖျော်ဖြေတင်ဆက်မှာဖြစ်သလို ရိုးရာအစားအစာတွေနဲ့လဲ ကျွေးမွေးဧည့်ခံမှာဖြစ်ပါတယ်"ဟု ဆလိုင်းအေးပိုင်က ပြောပြသည်။

ချင်းရိုးရာနှစ်သစ်ကူးပွဲတော်သည် ရှေးပဝေဏီကပင် ချင်းလူမျိုးများနေထိုင်သော ရပ်ရွာဒေသများအလိုက် နှစ်စဉ် တောင်ယာစိုက်ပျိုးသီးနှံရိတ်သိမ်းပြီးစီးသည့်ကာလများတွင် ကျင်းပလေ့ရှိရာ တစ်နှစ်တာကာလအတွင်း ရောဂါဘယများကြားမှ အသက်ရှင်ကျန်းမာခွင့်ရပြီး တောင်ယာလုပ်ကိုင်နိုင်သည့်အခွင့်အရေး၊ စိုက်ပျိုးသီးနှံများကောင်းမွန်ပြီး ကောက်ပဲသီးနှံများ အချိန်တန်ရိတ်သိမ်းနိုင်သည့် အခွင့်အရေး၊ အိမ်မွေးတိရစ္ဆာန်များ တိုးပွားရှင်သန်သည့်အခွင့်အရေး၊ မိသားစုအတွင်း သား၊ သမီးများ ထွန်းကားစေသည့်အခွင့်အရေး စသည့်အခွင့်အရေးများကို နှစ်စဉ်ရရှိရန် ဘိုးဘွားများအား ကျေးဇူးဆပ်သည့်ပွဲတော်ဖြစ်ကြောင်း သိရသည်။

ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win holds meeting with Yangon Region and district/township officials in connection with region MSMEs, visits factories in Hlaingthaya Township



Vice-Senior General Soe Win meets officials and MSME businesspeople in Yangon Region.

**Nay Pyi Taw December 28** A meeting of Yangon Region cabinet members and district/township officials was held in connection with MSMEs of the region at Yangon Region Government Office this morning with an address by Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win.

Present together with the Vice-Senior General were Union Minister for Construction U Myo Thant, Yangon Region Chief Minister U Soe Thein, senior military officers from Office of Commander-in-Chief, the Yangon Command commander, the deputy minister for industry, officials of Region Industrial Zone Implementation and Supervisory Committee, MSME Development Agency and Credit Scrutiny Committee.

First, the region chief minister explained progress in implementing industrial zones in the region.

MSME Work Committee Secretary Deputy Industry Minister U Yin Maung Nyunt reported on policy and directives in connection with MSMEs, and Region Economic Minister U Myo Myint Aung on progress in implementing MSMEs in the region.

Directors and officials of relevant region branches of Directorate of Industrial Supervision and Inspection, Cottage Industries Department, Cooperatives Department, Agriculture Department, Livestock Breeding and Animal Husbandry Department, Fisheries Department, and Myanmar Agriculture Development Bank reported on issuance of MSME Member Cards, financial aids for MSME entrepreneurs, workshops and awareness talks, systematic establishment of industrial zone information system. The Vice-Senior General sought wider information and attended to the needs through coordinated programs.

In his response to the reports, the Vice-Senior General said he met with them to know the progress of implementing the guidance of the Senior General in his meeting with MSME groups on 3 October 2022 and to coordinate necessary measures. MSME businesses grasp 99 per cent of positions in the production of State economy, taking an important role in the GDP of the country. The Vice-Senior General explained issuance of loans from the State Economic Promotion Fund as much as possible for manufacturing, trading, inputs and human resources which are basic of MSME businesses, plans of seven ministries to conduct 198 kinds of short- and long-term courses for human resources development as a learning chance for those who have passed the middle school education, opening of THS, Institute of Agriculture, Institute of Computer Science and GTI for those who have passed the matriculation examination, establishment of computer and technical universities in regions and states in the higher education sector, prioritizing products to ensure import substitute and increase export volume under the policy for manufacturing the finished products with the use of domestic raw materials, formation of the MSME agency in Yangon Region, and connection of the agency with 11 relevant ministries, work assessment body, fund scrutiny body to submit reports to the work committee and the central committee.

The Vice-Senior General continued to say that 14 districts need to pay back a large amount of agricultural loans to the government. They have to pay back the loan as quickly as possible. If so, the government can issue more loans to other needy persons and extend the business. So, it is necessary to organize the borrowers to pay back loans and *See Page 13*



Vice-Senior General Soe Win hears report at Fame Pharmaceuticals Factory.



Vice-Senior General Soe Win observes production process of Fame Pharmaceuticals Factory.


Vice-Senior General Soe Win visits a factory.

*From Page 12*

demand the loans under the law.

With regard to the agricultural measures of the region, the Vice-Senior General noted that number of raining days and rainfalls of the region were not so different in 2020, 2021 and 2022. But, main crops paddy and pulses and beans did not meet the target in all townships and per-acre yield did not meet the target as well. Hence, they have to strive for increasing the per-acre yield of the existing farmlands instead of expanding the sown acreage. It is necessary to take care of using quality strains of crops, systematic use of fertilizers and inputs, supply of water to have necessary volume and applying the correct agricultural techniques. Moreover, officials need to share awareness of GAP with the farmers so as to penetrate Myanmar agricultural produce into the international market.

The Vice-Senior General expressed his satisfaction with formation of cooperative societies. As 974 manufacturing cooperative societies, 911 trading cooperative societies and 649 service cooperative societies, totalling 2,534 have been formed to operate businesses, they all need to make concerted efforts to secure greater success.

MSME expressed their wishes to borrow loans and extend the loan repayment period as their primary difficulties. To correctly solve such a problem, they have to pay back the loans on time. Furthermore, they wish to possess land lots. As Myanmar is a country producing rice as main crop, the Prime Minister has explained that the farmlands cannot be utilizedin other ways. Likewise, the industrial zones were established for manufacturing but for residential housings. In addition, the country at present is not sufficient in electricity. So, the government arranges generating electricity from hydropower, solar power as well as small-scale atomic energy to sufficiently supply electricity to the entire people. At present, as no electricity can contribute to manufacturing, businesspersons in individuals or in groups need to generate electricity from solar, wind power and diesel power on a manageable scale. So, the agency needs to coordinate necessary measures for them.

In the MSME industry, small-scale businesses don't need to manufacture for export purposes. But they need to consider coordinate needs of materials required for middle- and large-scale businesses. Regarding MSME operations, looking at detailed data and facts about work progress will witness progress after the meeting (1/2022) of the central committee. Organizing exhibitions and competitions about MSME products will show a production sector alone. Organizing them along with trade fairs will help seek market formation. From now on, such efforts should be made such as holding exhibitions, contests and trade fairs together and inviting other products from various regions and states through MSME agencies. Then, the MSME industry will progress both in production and market sectors. The Prime Minister has regarded Yangon city as the commercial capital of the country. So, it must try to become a main economic pillar of the State. As such, the effort of an individual is not enough and inclusive cooperation is necessary.

Next, the Vice-Senior General and party visited FAME Pharmaceuticals factory, OK canned food and dried noodle factory, Htoo Thit fish and prawn breeding feedstuff factory, Swe Ngar fish crispies factory and TOP cashew nut factory in Industrial Zone (3) in Shwe Okkan village-tract.

First, the Vice-Senior General and party arrived at FAME Pharmaceuticals Factory where they were briefed by Managing Director Dr Khin Maung Lwin on production process and preparations in the factory.

Afterward, the Vice-Senior General and party inspected production of medicines, research laboratories and quality control tasks of the factory and responsible officials conducted the Vice-Senior General and party around the factory.

Then, the Vice-Senior General and party arrived at OK Canning and Noodle Factory in Ward (1) in Industrial Zone (7) and Managing Director Dr Ye Thu Aung explained the products of the factory and production processes at the meeting hall of the factory.

Afterward, the Vice-Senior General and party inspected the storage of goods and production processes of the factory and responsible officials conducted the Vice-Senior General and party around the factory.

Then, the Vice-Senior General and party proceeded to Htoo Thit Animal Feed Pellet factory in Shwe Lin Ban Industrial Zone and Managing Director U Zaw Lin explained salient points and products of the factory to the Vice-Senior General and party.

Afterward, inspected the storage of goods and production and packaging of feed pellets for fish and shrimps.

Then, the Vice-Senior General and party visited Shwe Ngar Fish Cracker Factory and Top Cashew Nut Processing Factory in Hlaing Tharyar (West) township and responsible officials reported to the Vice-Senior General and party on operations of the factories and production of foodstuffs at the meeting halls of the factories.

The Vice-Senior General and party also inspected the production processes of the foodstuffs and packaging tasks of the factories and coordinated the needs of the factories. 100


Vice-Senior General Soe Win inspects Shwe Ngar fish cracker factory.

# China Covid: US considers restrictions on Chinese arrivals

**Washington December 28**

The US is considering imposing new Covid restrictions on Chinese arrivals, after Beijing announced it would reopen its borders next month.

American officials say this is due to a lack of transparency surrounding the virus in China, as cases surge.

Japan, Malaysia and Taiwan - worried at importing Covid cases - have already outlined tighter measures for Chinese travellers, including negative tests.

Beijing has said Covid rules should be brought in on a "scientific" basis.

India is also stepping up measures for Chinese arrivals, but this was announced before Beijing said it would relax its strict border policy.

Passport applications for Chinese citizens wishing to travel internationally will resume from 8 January, the country's immigration authorities have said.

Travel sites have reported a spike in traffic, leaving some countries fearful over the potential spread of Covid.

"There are mounting concerns in the international community on the ongoing Covid-19 surges in China and the lack of transparent data, including viral genomic sequence data," US officials said in a statement quoted by news agencies.

Wang Wenbin, China's foreign minister spokesperson, subsequently accused Western countries and media of "hyping up" and "distorting China's Covid policy adjustments".

He said China believed all countries' Covid responses should be "science-based and proportionate", and should "not affect normal people-to-people exchange". BBC

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းပဋိပက္ခအဆုံးသတ်ရန် လုံခြုံရေးအာမခံချက်ဆိုင်ရာတောင်းဆိုချက်များလက်ခံရမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးပြော



ယူကရိန်းပဋိပက္ခ အဆုံးသတ်ရန်အတွက် ယူကရိန်းအနေဖြင့် လုံခြုံရေးအာမခံချက်ဆိုင်ရာတောင်းဆိုချက်များကို လက်ခံရမည်ဖြစ်ပြီး သို့မဟုတ်ပါက ရုရှားတပ်မတော်က ရည်မှန်းချက်များအတိုင်း စစ်မြေပြင်တွင် အောင်မြင်မှုရရှိသည်ထိ စောင့်ကြည့်ရမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergei Lavrov က ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ယူကရိန်းတပ်ဖွဲ့များသည် Luhansk ဒေသတွင် အခြေချနေထိုင်မှု နှစ်နေရာနှင့် Donetsk ဒေသ ခြောက်နေရာတွင် ရုရှားတို့၏တိုက်ခိုက်မှုများကို တန်ပြန်ချေမှုန်းနိုင်ခဲ့သည်ဟု ယူကရိန်းတပ်မတော် စစ်ဦးစီးချုပ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကြားဝင်ဖျန်ဖြေပေးနိုင်မည့် ငြိမ်းချမ်းရေးထိပ်သီးဆွေးနွေးပွဲတစ်ရပ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းခန့်၌ ကျင်းပရန် ရည်မှန်းထားကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Dmytro Kuleba က ပြောကြားခဲ့သည်။ သို့သော်လည်း စစ်ရာဇဝတ်မှုခုံရုံးကို ဦးစွာရင်ဆိုင်မည်ဆိုပါက ရုရှားကို ပူးပေါင်းရန်တောင်းဆိုနိုင်ကြောင်း Kuleba က ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ၎င်း၏ အရင်းနှီးဆုံး နိုင်ငံတကာမဟာမိတ် ဘီလာရုစ်သမ္မတ Alexander Lukashenko နှင့် ၂၄ နာရီအတွင်း နှစ်ကြိမ်တွေ့ဆုံခဲ့ကြောင်း၊ တွေ့ဆုံမှုများအတွင်း ကိစ္စရပ်များစွာကို အပြီးသတ်ဆွေးနွေးနိုင်ခဲ့ကြောင်း Lukashenko က ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးသည် စီးပွားရေး၊ အာကာသလုပ်ငန်းဆောင်တာများ၊ ရုရှားဘာသာစကားနှင့် နှစ်နိုင်ငံဆက်ဆံရေး အပါအဝင် လေးနက်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း ပြောကြားခဲ့ကြသည်။

၎င်း၏ ညစဉ်ဗီဒီယိုမက်ဆေ့ချ်တွင် ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးက Donbas ရှိ အရှေ့ဘက် ရှေ့တန်းစစ်မျက်နှာတစ်လျှောက် အခြေအနေကို ခက်ခဲပြီး အဆုံးအရှုံးများနေသည်ဟု ပြောကြားခဲ့သည်။

၎င်းတို့နယ်စပ်မှ ကီလိုမီတာရာနှင့်ချီဝေးသော မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်စစ်အခြေစိုက်စခန်းကို ယူကရိန်းဒရုန်းဖြင့် တိုက်ခိုက်မှုအသစ်တစ်ရပ်ကို တားဆီးနိုင်ခဲ့ကြောင်း ရုရှားက ပြောကြားခဲ့သည်။ ရုရှားပြည်တွင်း လုံခြုံရေးအေဂျင်စီက နယ်ခြားဒေသတစ်ခုမှတစ်ဆင့် ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းခဲ့သည့် ယူကရိန်းလူမျိုးအကြမ်းဖက်သမားလေးဦးကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရေနံဈေးနှုန်း ကန့်သတ်ခံရခြင်းတွင် ပို့ကုန်ဝင်ငွေအပေါ် သက်ရောက်မှုရှိနိုင်ခြင်းကြောင့် ရုရှားနိုင်ငံဘတ်ဂျက်လိုငွေပြမှုသည် ၂၀၂၃ ခုနှစ်တွင် GDP ၏နှစ်ရာခိုင်နှုန်းထက် ပိုမိုများပြားနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီး Anton Siluanov က ပြောကြားခဲ့သည်။ ယူကရိန်းတွင် စစ်ရေးအသုံးစရိတ်များ ကြီးကြီးမားမားသုံးစွဲနေရသောကြောင့် ရုရှားအတွက် ဘဏ္ဍာရေးဆိုင်ရာ အတားအဆီးတစ်ခု ဖြစ်လာနိုင်သည်ဟု ၎င်းက သုံးသပ်ထားသည်။

**Ukraine conflict - day 307: Lavrov's ultimatum to Kyiv, peace talks by end of February ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက Kalibr ဒုံးကျည်ပစ်ခတ်နိုင်သည့် ဒီဇယ်လျှပ်စစ်စွမ်းအင်သုံးရေငုပ်သင်္ဘော Velikiye Luki ကို ရေချခဲ့

ရုရှားနိုင်ငံ အနောက်မြောက်ပိုင်း စိန့်ပီတာစဘတ်မြို့တွင် Kalibr ဒုံးကျည်ပစ်ခတ်နိုင်သည့် ဒီဇယ်လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောသစ် Velikiye Luki ရေချအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ကျင်းပခဲ့သည်။ ယခုအခါ အဆိုပါရေငုပ်သင်္ဘောသစ်သည် စမ်းသပ်မှုများပြုလုပ်ရန်မထွက်ခွာမီနှင့် ရေတပ်သို့တပ်တော်မဝင်ရောက်မီ အသေးစားပြင်ဆင်မှုများပြုလုပ်နေကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရေငုပ်သင်္ဘောကို နိုင်ငံပိုင် United Shipbuilding Corporation(USC) ကလည်ပတ်ဆောင်ရွက်နေသည့် Admiralty Shipyards သင်္ဘောကျင်းများတွင် တည်ဆောက်ခဲ့သည်။

အဆိုပါရေငုပ်သင်္ဘောသည် Lada ဒီဇယ်လျှပ်စစ်အတန်းအစားတွင် တတိယမြောက်ရေငုပ်သင်္ဘောဖြစ်ပြီး ၄၅ ရက်ထိ ပင်လယ်ရေပြင်တွင် ဖြန့်ကြက်တာဝန်ထမ်းဆောင်နိုင်ကာ မီတာ ၃၀၀ ထိ ရေငုပ်နိုင်ပြီး ရေအောက်နစ်မြုပ်စဉ်တွင် အလျင်နှုန်း 21 knots (တစ်နာရီ ၃၉ ကီလိုမီတာခန့်)ထိခုတ်မောင်းစစ်ဆင်နိုင်သည်။ Lada-family အုပ်စုဝင်ရေငုပ်သင်္ဘောများတွင် ၅၃၃ မီလီမီတာ တော်ပီဒိုဒုံးပြွန်ခြောက်ခုပါရှိပြီး မိုင်းခင်းခြင်းနှင့် Kalibr ဒုံးကျည်များကို ပစ်လွှတ်ရန်အတွက်လည်း အသုံးပြုလေ့ရှိကြသည်။

ထိုကဲ့သို့သော ရေငုပ်သင်္ဘောများသည် ဆူညံသံထုတ်လွှတ်မှု နည်းသည့်အပြင် သင်္ဘောကိုယ်ထည်ပေါ်ရှိ Special Coating များကြောင့်လည်း ကိုယ်ပျောက်ရေငုပ်သင်္ဘောများအဖြစ် တင်စားလေ့ရှိကြသည်။

ရေငုပ်သင်္ဘောရေချ အခမ်းအနားတွင် ရုရှားနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးလက်ထောက်ဝန်ကြီး Viktor Yevtukhov က ပရောဂျက် 677 Lada အတန်းအစားရေငုပ်သင်္ဘောများသည် ချူကလီးယားစွမ်းဆောင်ရည်မပါသည့် မျိုးဆက်သစ်ရေငုပ်သင်္ဘောများဖြစ်ကြောင်း၊ ယနေ့ထိ ဤပရောဂျက်၏ ရေငုပ်သင်္ဘောများသည် ရုရှားရေတပ်အတွက် ဒီဇိုင်းထုတ်ထားသည့် ခေတ်အမီဆုံး ဒီဇယ်လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောများအဖြစ် အသိအမှတ်ပြုခံရကြောင်း ပြောကြားခဲ့သည်။



သင်္ဘော၏ ဟာ့ဒ်ဝဲပိုင်းအတွက် ထိန်းချုပ်မှုစနစ်၊ လျှပ်စစ်တွန်းကန်အားစနစ်၊ လမ်းကြောင်းပြစနစ်နှင့် အခြားအရာများအပါအဝင် အလွန်ခေတ်မီသော စက်ပစ္စည်း၊ စနစ်အပိုင်းများကို အဆိုပါသင်္ဘောပေါ်တွင် တပ်ဆင်အသုံးပြုထားသည်။ ရုရှားနိုင်ငံတွင် Admiralty Shipyards သင်္ဘောကျင်းသည် တစ်ခုတည်းသော တည်ဆောက်ရေး၊ ထုတ်လုပ်ရေးစက်ရုံပင်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် Admiralty Shipyards သင်္ဘောကျင်းသည် Yaroslavl နှင့် Vologda ရေငုပ်သင်္ဘောအမျိုးအစား အခြားသင်္ဘောနှစ်စီးကို ရေချပေးနိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ သင်္ဘောတည်ဆောက်ရေးစက်ရုံသည် Kronshtadt စီးရီးရှိ ဒုတိယမြောက်သင်္ဘောတစ်စီးကိုလည်း တည်ဆောက်ပေးလျက်ရှိပြီး ရေငုပ်သင်္ဘောအနေဖြင့် ဒီဇင်ဘာလနှောင်းပိုင်းတွင် နိုင်ငံအဆင့်စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**Russia launches new Kalibr missile-capable submarine ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်နိုင်ငံက ၂၀၂၃ ခုနှစ်တွင် ယူကရိန်းကို ယူရို ၂ ဒသမ ၅ ဘီလီယံပံ့ပိုးရန် ကတိပြု



နယ်သာလန်နိုင်ငံက ၂၀၂၃ ခုနှစ်တွင် ယူကရိန်းကို ယူရို ၂ ဒသမ ၅ ဘီလီယံ ပံ့ပိုးရန်ကတိပြုခဲ့ပြီး အများစုမှာ စစ်ရေးအကူအညီအတွက် လျာထားငွေဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက် www.thedefense-post.com တွင် ရေးသားထားသည်။

ယူရိုနှစ်ဘီလီယံခန့်သည် စစ်ရေးအရ ထောက်ပံ့ရန်ရည်ရွယ်သည်ဟု နယ်သာလန်ဝန်ကြီးချုပ် Mark Rutte က The Hague ၌ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကျန်တာတွေကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ အခြေခံအဆောက်အအုံပြန်လည်တည်ဆောက်ရေး၊ တာဝန်ခံမှုရှိစေရေးတို့ကို ဦးတည်သွားမည်ဖြစ်ကြောင်း Mark Rutte က ပြောကြားခဲ့သည်။

ပံ့ပိုးငွေကို အတိအကျအသုံးပြုခြင်းသည် ယူကရိန်းနိုင်ငံသားများ၏ လိုအပ်ချက်များနှင့်ပဋိပက္ခလမ်းကြောင်းပေါ်၌ မူတည်နေကြောင်း၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုသည် ဆေးရုံများ၊ အိမ်ရာများ၊ စွမ်းအင်နှင့် စိုက်ပျိုးရေးအခြေခံအဆောက်အအုံများအပြင် မိုင်းတူးဖော်ခြင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ရာတွင် ကူညီရန်ရည်ရွယ်ထားကြောင်း နယ်သာလန်အစိုးရက ပြောကြားခဲ့ကြောင်း သိရသည်။

နယ်သာလန်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရုရှားအထူးစစ်ဆင်ရေး စတင်ကတည်းက ယူကရိန်းကို စစ်ရေးထောက်ပံ့မှု ယူရို တစ်ဘီလီယံခန့် ပံ့ပိုးပေးခဲ့သည်ဟု နယ်သာလန်ကာကွယ်ရေးဝန်ကြီး Kajsa Ollongren က ပြီးခဲ့သည့် သီတင်းပတ်တွင် ပြောကြားခဲ့သည်။

"ရုရှားက ယူကရိန်းကို ပဋိပက္ခဖြစ်နေသရွေ့ နယ်သာလန်နိုင်ငံက စစ်ရေး၊ လူသားချင်းစာနာမှုနဲ့ သံတမန်ရေးရာအကူအညီတွေပေးမှာပါ။ ယူကရိန်းက နယ်သာလန်ကို အားကိုးနိုင်ပါတယ်"ဟု Rutte က ဒီဇင်ဘာ ၂၃ ရက် အစောပိုင်းတွင် တွစ်တာ၌ ရေးသားခဲ့သည်။

**Netherlands Pledges 2.5B Euros in 2023 Ukraine Aid ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် မိုးစပါး ၃၇၇၈၀၉ ဧက ရိတ်သိမ်းပြီးစီး



**လပွတ္တာ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် မိုးနှောင်းကာလကစိုက်ပျိုးခဲ့သည့် မိုးစပါး ၃၇၇၈၀၉ ဧကကို ပြန်လည်ရိတ်သိမ်းခဲ့ရာ ယခုအခါ ဧကများအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လပွတ္တာမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးလျာထား ၃၇၇၈၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မိုးစပါးများကို အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးတစ်ဧကလျှင် ၉၄ တင်းထွက်ရှိခဲ့၍ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"မိုးစပါးစိုက်ရာသီက မိုးကောင်းသောက် စပါးစုစုပေါင်း ၃၇၇၈၀၉ ဧက စိုက်ပျိုးခဲ့ပါတယ်။ ယနေ့အားလုံးကို ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ် စပါးအထွက်နှုန်းကောင်းလာပါတယ်။ နောက်ကျစိုက်ခဲ့တဲ့ စပါးဧကတွေကြောင့် ယခုလို ပြန်လည်ရိတ်သိမ်းရာမှာ အနည်းငယ်နောက်ကျခဲ့တာဖြစ်ပါတယ်။ မိုးစပါးအထွက်နှုန်းကောင်းလာပါတယ်။ ဆက်လက်ပြီး နွေစပါးတွေလဲ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် မိုးစပါးစိုက်ပျိုးချိန်က မိုးစပါးစိုက်ခင်းများ စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စပါးများအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းစပါးများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လယ်မြေစိုက်ခင်းများထိ သွားရောက်ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး ပညာပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ မိုးစပါးများ ပြန်လည်ရိတ်သိမ်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လားရှိုးမြို့ ရပ်ကွက်(၁)အေးချမ်းသာယာလမ်းတွင် ကတ္တရာခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**လားရှိုး ဒီဇင်ဘာ ၂၈**

လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက ရပ်ကွက်(၁) အေးချမ်းသာယာလမ်းတွင် ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ရှိသူများက လားရှိုးမြို့ ရပ်ကွက်(၁)အေးချမ်းသာယာလမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး အမှုဆောင်အရာရှိ ဦးကျော်ဇင်က လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လားရှိုးမြို့ ရပ်ကွက်(၁) အေးချမ်းသာယာလမ်းတွင် အရှည်ပေ ၁၇၆၀၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးဌာန ရန်ပုံငွေ၊ ခန့်မှန်းကုန်ကျငွေကျပ် ၆၆၁ သိန်းဖြင့် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားစေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။



လားရှိုးမြို့ပေါ် ရပ်ကွက်များတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြို့တွင်းလမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ရပ်ကွက်(၅)၊ ရပ်ကွက်(၆)၊ ရပ်ကွက်(၇)တွင် ရွှေသံလွင်လမ်းမြေမှ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ရပ်ကွက်(၁)ရုံးကြီးလမ်း လမ်းသားချဲ့၍ ACလမ်းခင်းခြင်း၊ ရပ်ကွက်(၁) ရန်တိုင်းအောင်ပတ်လမ်းတွင် လမ်းသားချဲ့၍ AC လမ်းခင်းခြင်း၊ ရပ်ကွက်(၃)နှင့် ရပ်ကွက် (၄) သီရိလမ်းတွင် လမ်းသားချဲ့၍ AC လမ်းခင်းခြင်း၊ ရပ်ကွက်(၃) နှင့် ရပ်ကွက်(၆) သုခလမ်းတွင် လမ်းသားချဲ့၍ AC လမ်းခင်းခြင်းတို့ကိုလည်း ဒီဇင်ဘာလပထမပတ်က ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**

# ပူတာအိုခရိုင်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးကွန်ပျူတာအခြေခံသင်တန်းဆင်း

**ပူတာအို ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်များမှ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန် ဖွင့်လှစ်ခဲ့သော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးမြင့်က ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအတိုင်း Computerize System ဖြင့် ကောင်းမွန်စွာအသုံးပြုနိုင်ရန် ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖြစ်သည့် ကွန်ပျူတာအခြေခံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ခန်းစာများကို လက်တွေ့ အသုံးချနိုင်ကြရန် လိုကြောင်း သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရသင်တန်းသားတစ်ဦးအား ထူးချွန်ဆုပေးအပ်သည်။

အဆိုပါသင်တန်းကို ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ နောင်မွန်းနှင့် ခေါင်လန့်ဖူးမြို့နယ်တို့မှ ဝန်ထမ်းစုစုပေါင်း ၁၀ ဦး တက်ရောက်ကြပြီး ရုံးလုပ်ငန်းသုံး ကွန်ပျူတာဘာသာရပ်များကို ပြင်ပကျွမ်းကျင်ဆရာများဖြင့် ဒီဇင်ဘာ ၇ ရက် မှ ၂၇ ရက်ထိ ၂၁ ရက်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၈-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၅၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၉/၂၀၂၂)
၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
( ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း ( ၁ )
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း ( ၂ )
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊(၆)၊ (၇) နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကိုစီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၃၆၇.၅၀၂ | | | | | | | | ၂,၃၆၇.၅၀၂ |
| ၂ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၇၉.၃၇၉ | | | | | | | | ၅၇၉.၃၇၉ |
| ၃ | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၀.၆၃၀ | | | | | | | | ၂၀.၆၃၀ |
| ၄ | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၅.၃၀၀ | | | | | | | | ၈၅.၃၀၀ |
| ၅ | ၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၆၀.၀၅၄ | | | | | | | | ၁၆၀.၀၅၄ |
| ၆ | ၁၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၁၁၆.၀၀၈ | | | | | | | | ၁,၁၁၆.၀၀၈ |
| | | ပေါင်း | | ၄,၃၂၈.၈၇၃ | | | | | | | | ၄,၃၂၈.၈၇၃ |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၉ မှအဆက်

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၈.၇၈၀ | | | | | | | | ၄၈.၇၈၀ |
| | | ပေါင်း | | ၄၈.၇၈၀ | | | | | | | | ၄၈.၇၈၀ |

နေပြည်တော်ကောင်စီ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၉.၂၅၀ | | | ၆,၁၆၈.၃၅၄ | | | | | ၆,၂၂၇.၆၀၄ |
| | | ပေါင်း | | ၅၉.၂၅၀ | | | ၆,၁၆၈.၃၅၄ | | | | | ၆,၂၂၇.၆၀၄ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၃၉၈.၇၇၅ | | ၇,၄၁၃.၃၆၄ | ၈.၀၀၀ | | | | | ၈,၈၂၀.၁၃၉ |
| | | ပေါင်း | | ၁,၃၉၈.၇၇၅ | | ၇,၄၁၃.၃၆၄ | ၈.၀၀၀ | | | | | ၈,၈၂၀.၁၃၉ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၂,၅၁၁.၈၅၃ | | | ၄.၃၄၃ | | | | | ၃၂,၅၁၆.၁၉၆ |
| | | ပေါင်း | | ၃၂,၅၁၁.၈၅၃ | | | ၄.၃၄၃ | | | | | ၃၂,၅၁၆.၁၉၆ |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအတည်ပြုထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၉ ဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပြီး အဆိုပါဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ-ကျောက်ချွန် လမ်းပေါ်ရှိ ဂွချောင်းတံတားဖွင့်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ-ကျောက်ချွန် လမ်းပေါ်ရှိ ဂွချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွ-ကျောက်ချွန် လမ်းပေါ်ရှိ ဂွချောင်းတံတားကို တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဒေသခံများနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ယခုတံတားသစ်ကြီးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့်လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း။

ထို့ပြင် မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရည်အသွေးကောင်းမွန်ရေးတို့ကို တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တံတားဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းထံ ပေးအပ်သည်။

ထို့နောက် ဂွချောင်းတံတားကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ကျော်သန်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင်နှင့် ရပ်မိရပ်ဖ ဦးခင်မောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တံတားပေါ်သို့ လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါဂွချောင်းတံတားသည် စုစုပေါင်းအရှည် ၁၃၉၉ ပေရှိပြီး ယာဉ်သွားလမ်းအကျယ်၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ၊ ခြောက်လက်မစီပါဝင်ကာ ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၈၅ ပေရှိ၍ တံတားခံနိုင်ဝန် ခွင့်ပြုယာဉ်တစ်စီးချင်းအလေးချိန်မှာ ၇၅ တန်ဖြစ်ပြီး တံတားအုတ်မြစ်မှာ ဘိုးပိုင်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်သည် P.C Girder၊ R.C Girder တို့ဖြင့် တည်ဆောက်ထားသော သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ကာ တံတားခန်းဖွင့်အကျယ် ၂၆ ပေ ၃ လက်မ သုံးခန်း၊ ပေ ၆၀ နှစ်ခန်းနှင့် ပေ ၁၀၀ ၁၂ ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၈၉၈၀ အကုန်အကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၈)က ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဂွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဂွမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဂွမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် ဂွမြို့ ရာဇပဗ္ဗတမင်းတောင်စေတီတော်မြတ်ကြီး သာသနာ့နယ်မြေပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသော မဟာကံထူးကံပေါ်ကပ်ကျော် ရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်၍ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဒုတိယနေ့ဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ သဘောတူထားသည့် အစီအစဉ်များအတိုင်း နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးပြီး တွေ့ဆုံဆွေးနွေးပွဲဒုတိယနေ့ကို ရပ်နားခဲ့သည်။

တတိယနေ့ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ပြီး နှစ်ဖက်တူညီသည့် သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစိုးရနည်းပညာကောလိပ် တောင်ဒဂုံ၊ ကျောက်ဖြူနှင့် မန္တလေး ဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အစိုးရနည်းပညာကောလိပ် တောင်ဒဂုံ၊ ကျောက်ဖြူနှင့် မန္တလေး ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ တစ်ပြိုင်နက်တည်း ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် တာဝန်ရှိသူများသည် အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ) ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် အစိုးရနည်းပညာကောလိပ်(မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ဖွင့်လှစ်ပေးကြပြီး အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) အတွင်းရှိ လက်တွေ့ခန်းများ၊ စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများ၊ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)၊ အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ) နှင့် အစိုးရနည်းပညာကောလိပ်(မန္တလေး) တို့ကို ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာရှင် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် ကျောင်းများနှင့် သင်တန်းများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ၏ သားသမီးများနှင့် အနယ်နယ်အရပ်ရပ်မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိစေရန်၊ နည်းပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်စေမည် ဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့် အောင်မြင်သူများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ထူးချွန်စွာအောင်မြင်ခဲ့သူများ တက်ရောက်ခွင့်ရရှိကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲကို အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအင်အားသီချင်းဖြင့် ဂုဏ်ပြုကပြခြင်း၊ ကျောင်းသူဦးရေ ၄၀၀ က ကဗျာလွတ်အက၊ ကျောင်းသားဦးရေ ၂၀၀ က ကျန်းမာခြင်းအတွက် အားကစားတင်းပုတ်ကစားနည်း သရုပ်ဖော်ပြသခြင်း၊ ကျောင်းသူဦးရေ ၄၀၀ က Fitness Dance ဖြင့် ပုံဖော်ကပြခြင်း၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၀ ပါဝင်သည့် ဘင်ခရာပန်းဖွားအဖွဲ့က တေးသီချင်းတီးမှုတ်၍ သရုပ်ဖော်ကပြခြင်းများဖြင့် ဂုဏ်ပြုတင်ဆက်ပြီး စစ်ကြောင်းမှူးဦးဆောင်၍ ခရိုင်ခုနစ်ခုမှ အားကစားအသင်းများက တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်ကြောင်းမှူးဦးဆောင်၍ အားကစားသစ္စာအဓိဋ္ဌာန်များရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားအဖွဲ့များ၊ အုပ်ချုပ်သူများ၊ နည်းပြများကို လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားပြီး ဘောလုံးပြိုင်ပွဲတွင် ပြင်ဦးလွင်ခရိုင်အသင်းနှင့် ညောင်ဦးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ ညောင်ဦး ခရိုင်အသင်းက ပြင်ဦးလွင်ခရိုင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ကြေညာချက်**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်

၂၀၂၃ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၈-၃-၂၀၂၃<br>ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | မြန်မာစာ |
| ၉-၃-၂၀၂၃<br>ကြာသပတေးနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၀-၃-၂၀၂၃<br>သောကြာနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | သင်္ချာ |
| ၁၃-၃-၂၀၂၃<br>တနင်္လာနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | ဓာတုဗေဒ |
| ၁၄-၃-၂၀၂၃<br>အင်္ဂါနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | ရူပဗေဒ |
| ၁၅-၃-၂၀၂၃<br>ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | ဇီဝဗေဒ/<br>ဘောဂဗေဒ |
| ၁၆-၃-၂၀၂၃<br>ကြာသပတေးနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | ပထဝီဝင် |
| ၁၇-၃-၂၀၂၃<br>သောကြာနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | သမိုင်း |
| ၁၈-၃-၂၀၂၃<br>စနေနေ့ | နံနက် ၉ နာရီ မှ<br>၁၂ နာရီ အထိ | စိတ်ကြိုက်မြန်မာစာ |

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

☆ ကျောဖုံးမှအဆက်

တင်ဆောင်၍ စတင်တင်ပို့ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ရှစ်စီးမြောက်သင်္ဘောဖြစ်သည့် MCL-7 ဖြင့် ဆန်တန်ချိန် ၂၆၅၀ ကို တင်ပို့ခဲ့ရာ ပုသိမ်ဆိပ်ကမ်းမှ ဆန်တန်ချိန် ၂၁၁၂၅ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း တင်ပို့သွားမည်ဖြစ်ပြီး လက်ရှိတန်ချိန် ၁၆၀၀၀၀ တင်ပို့ထားကာတင်ပို့ရန်ကျန်ရှိသော ဆန်များကို ဒီဇင်ဘာ ၂၈ ရက်နောက်ပိုင်းတွင် ရန်ကုန်ဆူးလေဆိပ်ကမ်းနှင့် ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်းမှလည်းကောင်း၊ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းနှင့် စစ်တွေဆိပ်ကမ်းတို့မှ လည်းကောင်း အရည်အသွေးမီဆန်များကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်ဆန်တင်ပို့ခွင့်ရရှိသောကြောင့် ဆန်တင်ပို့သောကုမ္ပဏီများအနေဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ သယ်ဆောင်ရမည့်ကုန်ကျစရိတ်များစွာ သက်သာစေပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်း (Ayeyarwaddy International Industrial Port) အသက်ဝင်မှုဖြင့် ဆန်လုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များနှင့် ဒေသခံများစီးပွားရေးအခွင့်အလမ်းများစွာ ပွင့်လန်းခဲ့သည်။

ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဒီဇင်ဘာ ၂၁ ရက်က ရှစ်စီးမြောက်ထွက်ခွာသွားသော MCL-7 ဆန်တင်သင်္ဘောမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ CHATTOGRAM ဆိပ်ကမ်းတွင် ဒီဇင်ဘာ ၂၆ ရက်ညပိုင်း၌ ဆန်များကိုချလျက်ရှိပြီး မြန်မာနိုင်ငံမှ ဆက်လက်တင်ပို့ရန်ကျန်ရှိသည့် ဆန်တန်ချိန်သုံးသောင်းကျော်တွင် ရန်ကုန်ဆူးလေဆိပ်ကမ်းမှတင်ဆောင်မည့် ဆန်တင်သင်္ဘောမှာ ပင်လယ်ဝတွင် ရောက်ရှိလျက်ရှိပြီး ဆူးလေဆိပ်ကမ်းသို့ ပို့ကုန်ဆန်များ ရောက်ရှိပါက ဝင်ရောက်မည်ဖြစ်ကာ ပုသိမ်စက်မှုဆိပ်ကမ်းမှ တင်ပို့မည့် ဆန်တန်ချိန်ရှစ်ထောင်ကျော်အတွက် သင်္ဘောသုံးစီးနှင့် စစ်တွေဆိပ်ကမ်းမှ သင်္ဘောတစ်စီးတို့ဖြင့် ညှော်မထ ၅ မတ်ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၇၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၅၉၃ ဦး နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၅၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား၊ ကျောင်းသူ ၄၄ ဦးကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနားထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေရှိ လိပ်သိုမြို့၊ ကျောက်ကြီးမြို့၊ သံဘိုမြို့နှင့် မုံးမြို့တို့ရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် မိသားစုဝင်များက လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ညှိခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။



နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဖျော်ဖြေရေးအဖွဲ့သူ၊ အဖွဲ့သားများနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။



လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ စိုင်းမောင်ထွေး (ခ) ငထွေးသည် ၎င်းအသုံးပြုသည့် "Sai Mg Htwe" Facebook အကောင့်နှင့် ချမ်းအေးသာစံမြို့နယ်နေ ကောင်းဆက်ဝေသည် ၎င်းအသုံးပြုသည့် "Kaung Satt Wai" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် စံချိန်တင်ဒီရေမြင့်တက်မှုဖြစ်ပွား




**အော့တဝါ ဒီဇင်ဘာ ၂၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကိုဗားကျွန်းတွင် ဒီဇင်ဘာ ၂၇ ရက်က ဒီရေမြင့်တက်မှုဖြစ်ပေါ်နေပြီး အဆိုပါ ဒီရေမြင့်တက်မှုသည် ဗြိတိသျှကိုလံဘီယာပြည်နယ်တွင်မြင့်တက်သည့် ဒီရေမြင့်တက်မှုများအနက် အဆိုးရွားဆုံးဒီရေမြင့်တက်မှုအဖြစ် စံချိန်တင်ခဲ့ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း CBC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဒီရေမြင့်တက်မှုကြောင့် ရေဧရိယာများနှင့်နီးကပ်သော ဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသလို ဗန်ကိုဗားကျွန်းတွင် ကမ်းခြေအနီးမှ မော်တော်ကားလမ်းများကို ယာယီပိတ်ထားကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ဗန်ကိုဗားကျွန်းတွင် ဒီရေမြင့်တက်လာမှုကြောင့် ရေပမာဏမှာ ၅ ဒသမ ၇ မီတာထိ မြင့်တက်ခဲ့ကြောင်း၊ ဒီရေမြင့်တက်မှုနှင့်အတူ လေဖိအားနည်းလာသည့်အတွက် မုန်တိုင်းဝင်ရောက်မည့် လက္ခဏာမြင်တွေ့နေရကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"ဒီရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒီရေမြင့်တက်မှုကြောင့် ရေပမာဏဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်သုံးစုလောက်က ဖြစ်ပေါ်ခဲ့တဲ့ပမာဏထက်တောင် များနေတယ်။ လေဖိအားလဲနည်းလာတဲ့အတွက်ကြောင့် မုန်တိုင်းဝင်ရောက်လာနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ ပုံမှန်ဆိုရင်တော့ ဒီရေမြင့်တက်မှုဖြစ်ပေါ်လာရင် ရေကြီးရေလျှံမှုတွေလဲ တောက်လျှောက်ပါလာတယ်။ ဒီတစ်ခေါက် ဒီရေမြင့်တက်မှုက စံချိန်တင်ပမာဏဖြစ်ပေမဲ့လဲ ကံကောင်းတာက ရေကြီးရေလျှံမှုပြဿနာက ချက်ချင်းပါမလာဘူး"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် ရေဖြန့်ဝေရေးတာဝန်ခံ ဂျင်မ်မီဇမ်မာက ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# မလေးရှားနိုင်ငံနေရာအနှံ့အပြား မိုးကြိုးမုန်တိုင်းများကျရောက်နိုင်သဖြင့် သတိပေးချက်ထုတ်ပြန်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၈**

မလေးရှားနိုင်ငံ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်သဖြင့် ပြည်သူများအနေဖြင့် သတိထားနေထိုင်ကြရန် မလေးရှားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက ဒီဇင်ဘာ ၂၇ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း CNA သတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မလေးရှား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီက Johor၊ Melaka၊ Nergeri Sembilan၊ Pahang၊ Selangor၊ Sabah နှင့် Sarawak ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

မလေးရှား မိုးလေဝသဌာနက မိုးရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်မှုသည် ယနေ့ထိဆက်လက်ဖြစ်ပေါ်နေနိုင်ပြီး ယခုဖြစ်ပွားနေသော အရှေ့မြောက် မုတ်သုံရာသီ၏သက်ရောက်မှုသည် ယခင်နှစ် ကာလတူရာသီနှင့် နှိုင်းယှဉ်ပါက ပိုမိုဆိုးရွားကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး Armizan Mohd Ali က ပြောကြားခဲ့သည်။



မလေးရှားနိုင်ငံ Bernama သတင်းအေဂျင်စီကုမ္ပဏီ၏ အစီရင်ခံစာအရ ယခုနှစ်အရှေ့မြောက် မုတ်သုံလေကြောင့် ယခုလအတွင်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူ ၁၂၁၈၆၄ ဦးထိရှိကြောင်း Armizan က ဆက်လက်ပြောကြားခဲ့ပြီး အဆိုပါအရေအတွက်သည် ယခင်နှစ် မုတ်သုံရာသီတစ်ခုလုံးနှင့်နှိုင်းယှဉ်ပါက ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် လွန်ခဲ့သောသီတင်းပတ်ကလည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေကြီးရေလျှံမှုကြောင့် ဒုက္ခရောက်ခဲ့သူများကိုကူညီရန် အမေရိကန်ဒေါ်လာ ၁၁ သန်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ပြောကြားခဲ့သည်။

AZH

# ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဟိုတယ်၊ အဆောက်အအုံများနှင့် နေအိမ်တချို့ပျက်စီး

**ကင်ဘာရာ ဒီဇင်ဘာ ၂၈**

ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားပြည်နယ်တွင် ဒီဇင်ဘာ ၂၅ ရက်မှစ၍ တောမီးလောင်ကျွမ်းခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်တွင် လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အဆိုပါတောမီးလောင်ကျွမ်းမှုသည် တက်စ်မေးနီးယားပြည်နယ် အနောက်ဘက်ပိုင်းတွင် ဆိုးရွားစွာလောင်ကျွမ်းခဲ့ကာ လောင်စီတန်ဧရိယာမှ ရို့စ်ဘာရီမြို့ထိ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဟိုတယ်တစ်လုံး၊ အခြေခံအဆောက်အအုံများနှင့် လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ကြောင်း တက်စ်မေးနီးယား အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု The News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီရယူထားသလို မြေပြင်မှလည်း မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၄၀ က တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသည်။ တောမီးကူးစက်လောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ခဲ့ရသည့် အဆောက်အအုံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး Mount Black Lodge ဟိုတယ်မှာ ရာနှုန်းပြည့်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ Mount Black Lodge ဟိုတယ်ကတော့ ရာနှုန်းပြည့်ပျက်စီးခဲ့ပါတယ်။ ဒါပေမဲ့ တက်စ်မေးနီးယားပြည်နယ်အနောက်ဘက်ပိုင်းဒေသတွေရဲ့ အဓိကအရေးပါဆုံး အဆောက်အအုံနှစ်လုံးကို တောမီးကြောင့်ပျက်စီးမဲ့အရေးကနေ ကယ်တင်ပေးနိုင်ခဲ့ပါတယ်။ အနာဂတ်အတွက် တော်တော်အရေးကြီးတဲ့ အဆောက်အအုံတွေ ပျက်စီးမဲ့အရေးကနေ ကယ်တင်ပေးခဲ့ကြတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ တာဝန်သိပြည်သူတွေကိုကျေးဇူးတင်ပါတယ်"ဟု မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးစီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဖိလစ်အယ်လစ်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ပက်ထရာမြို့တွင် ရေကြီးရေလျှံမှုကြောင့် ကမ္ဘာလှည့်ခရီးသွားများကို ဘေးလွတ်ရာရွှေ့ပြောင်း

**အမန် ဒီဇင်ဘာ ၂၈**

ဂျော်ဒန်နိုင်ငံ သဲကန္တာရတွင် တည်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ရာ ကမ္ဘာကျော်ပက်ထရာ ရှေးဟောင်းမြို့တွင် ဒီဇင်ဘာ ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် ဂျော်ဒန်အစိုးရက ကမ္ဘာလှည့်ခရီးသွားဦးရေ ၁၇၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ပက်ထရာဖွံ့ဖြိုးတိုးတက်ရေးခရီးသွားလာရေး အာဏာပိုင်အဖွဲ့က ကြေညာခဲ့ကြောင်း Mail Online သတင်းဌာနက ဒီဇင်ဘာ ၂၇ တွင် ရေးသားဖော်ပြထားသည်။

ဂျော်ဒန်နိုင်ငံရှိ ရှေးဟောင်းကျောက်တုန်းမြို့တော် ပက်ထရာမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဘေးပတ်ဝန်းကျင်မှ ရေများစီးဝင်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသွား ဦးရေ ၁၇၀၀ ခန့်ကို ဂျော်ဒန်အစိုးရက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကာ သေဆုံးသူ မရှိသေးကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပက်ထရာမြို့ရှိ ဘုရားကျောင်းအဝင်တွင် ရေများအများအပြားစီးဝင်လာသည်ကို ခရီးသွားများက လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြခဲ့ကြပြီး အဆိုပါဗီဒီယိုဖိုင်တွင် ပက်ထရာမြို့ လမ်းကျဉ်းအတွင်းသို့ ရေများ ရုတ်တရက်အရှိန်အဟုန်ပြင်းစွာဝင်ရောက်လာပုံကို ဖော်ပြထားကြောင်း သိရသည်။

ပက်ထရာမြို့သည် ကျောက်နံရံများကို ထွင်းထုကာရံတည်ဆောက်ထားသော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ရာ မိုးသည်းထန်စွာရွာသွန်းပါက တောင်ကြားအတွင်း ရေများအရှိန်အဟုန်ပြင်းစွာစီးဆင်းလေ့ရှိကြောင်း သိရသည်။

အဆိုပါ အခြေအနေများကြောင့် ဂျော်ဒန်အစိုးရက ခေတ်မီရေလွှမ်းမိုးမှုသတိပေးစနစ်ကို တပ်ဆင်ထားသော်လည်း ၂၀၁၈ ခုနှစ်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး လူ ၁၂ ဦးခန့် သေဆုံးကာ လူ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ပက်ထရာဒေသတွင် ၁၉၆၃ ခုနှစ်က အဆိုးရွားဆုံးရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ပြင်သစ်ခရီးသွား ၂၂ ဦးနှင့် ဒေသခံဧည့်လမ်းညွှန်တစ်ဦးတို့ ရေနှင့်မျောပါ သေဆုံးခဲ့ရကြောင်း သိရသည်။ AZH

# စပိန်နိုင်ငံ၌ ယခုနှစ်က ရာစုနှစ်အတွင်း အပူချိန်အမြင့်မားဆုံးနှစ်ဖြစ်

**မက်ဒရစ် ဒီဇင်ဘာ ၂၈**

စပိန်နိုင်ငံ၌ ယခုနှစ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်ခဲ့သည့် ပမာဏသည် နိုင်ငံသမိုင်းတစ်လျှောက် ရာစုနှစ်အတွင်း အပူချိန်အမြင့်မားဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သည်ဟု စပိန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

စပိန်နိုင်ငံသည် ယခုနှစ်အတွင်း ဥရောပနိုင်ငံများအနက် တောမီးလောင်ကျွမ်းမှု အကြိမ်ရေအများဆုံးဖြစ်ပွားခဲ့သော နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သလို အပူလှိုင်းဖြတ်သန်းမှုအမြင့်မားဆုံးသော နိုင်ငံအဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း အမြင့်ဆုံးအပူချိန်မြင့်တက်မှုအဖြစ် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် စပိန်နိုင်ငံတွင် လူဦးရေအမြောက်အမြား နေရပ်ကို စွန့်ခွာခဲ့ရကြောင်း၊ ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့်သစ်တောမြေဧက ၃၀၀၀၀၀ ကျော် ပျက်စီးခဲ့ပြီး အောက်တိုဘာလကလည်း စပိန်နိုင်ငံသမိုင်းတစ်လျှောက် အပူချိန်အမြင့်ဆုံး မြင့်တက်မှုဖြစ်ပေါ်ခဲ့ရာ အပူချိန် စံချိန်တင်မြင့်တက်လာမှုနှင့် ပတ်သက်ပြီး စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သုတေသီများက စပိန်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ထောက်ပြခဲ့ကြသည်။

"ရာစုနှစ်အတွင်း စံချိန်တင်အပူချိန်မြင့်တက်ခဲ့တာဟာ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားလာတာကို ညွှန်ပြလာတာဖြစ်ပါတယ်။ အပူချိန်မြင့်တက်တာကြောင့် မိုးခေါင်ရေရှားပါးမှုလဲ ဖြစ်ပေါ်ခဲ့ပြီး စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့ရတယ်။ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိသေးသရွေ့ အပူချိန်မြင့်တက်မှုကို လျှော့ချနိုင်မှာမဟုတ်ပါဘူး"ဟု စပိန်ရာသီဥတုဗေဒပညာရှင် တစ်ဦးဖြစ်သည့် မာတင်ဘာရဲရိုက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မိုးကုတ်ကျောက်ခိုးတူးသူ ကိုးဦး

## ရွှေဘိုဘာမထီခင်အောင်

၁၉၇၃ ခုနှစ်က ဖြစ်ပါ၏။

မိုးကုတ်မြို့ ရွှေဘုံသာရပ်ကွက်ရှိ ကျောက်မျက်ရတနာစီမံကိန်းဌာနတွင် စာရေးသူ လုံခြုံရေးမှူးတာဝန် ထမ်းဆောင်စဉ်အချိန်ကဖြစ်သည်။ ထိုခေတ်၊ ထိုကာလ၌ မိုးကုတ်မြို့နယ် ပါတီယူနစ်နှင့်လက်တွဲ၍ မြို့နယ်မှ လူတန်းစားအသီးသီးအတွက် လူမှုရေး၊ အားကစားရေးရာများကိုလည်း ဆောင်ရွက်ပေးနေချိန်ဖြစ်သည်။

ကျောက်မျက်ရတနာစီမံကိန်းဌာန ကလာပ်စည်းခေါင်းဆောင်တာဝန်ကို မြို့နယ်ပါတီယူနစ်က တာဝန်ပေးထားသည်။ အမှတ်စဉ်(၄၁)တိုင်းတပ်တွင်းပညာပေးသင်တန်းကို မန္တလေးနန်းမြို့၌ သွားရောက်တက်ခဲ့ရ၏။ မိုးကုတ်တစ်မြို့လုံးမှ စာရေးသူတစ်ဦးတည်း တက်ခွင့်ရခြင်းဖြစ်သည်။ ကသအမှတ် (၁၂၄) ဖြစ်သည်။ တစ်နေ့ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌဖြစ်သူ ဦးအောင်သွင်က စာရေးသူကိုခေါ်၍ တာဝန်တစ်ခုပေး၏။

"ဆရာခင်အောင် သန်းခေါင်စာရင်းကောက်ခေါင်းဆောင်အဖြစ် တာဝန်ယူရလိမ့်မယ်။ အရေးကြီးပါတယ်။ အရေးကြီးတဲ့တာဝန်ဖြစ်တယ်။ ဆရာခင်အောင် ရက်တိုသင်တန်းကို မနက်ဖြန်ကစပြီး သင်တန်းတက်ရမယ်။ ဆရာ့ဌာနက မန်နေဂျာ ဦးခင်မောင်လေးကိုလဲ နှုတ်နဲ့ပြောပြီးပြီ။ ဒီနေ့စာထွက်ပါ့မယ်။ ဒါနိုင်ငံတော်အစိုးရက စီမံချက်ရေးဆွဲပြီး တစ်နိုင်ငံလုံးကို မဖြစ်မနေဆောင်ရွက်စေတဲ့ တာဝန်ဖြစ်တယ်။ မနက်ဖြန် သင်တန်းမှာ ဘယ်သူဘယ်ဝါ တာဝန်ယူကြရမယ်ဆိုတာကို ပြောပြပါ့မယ်။ ဘာပြောစရာရှိလဲ ဆရာခင်အောင်"

"ကျွန်တော်နဲ့ တွဲဖက်ပြီးလုပ်ဆောင်ရမဲ့ ဝန်ထမ်းရှိမလား"

"ရှိပါတယ်။ မှတ်တမ်းပြုစာရေး လေးယောက်ပေးထားပါတယ်။ အညီရောင်နယ်မြေကို ဆရာတို့ ကွင်းဆင်းကြရမှာဖြစ်လို့ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့က အရာရှိတစ်ယောက်နဲ့ တပ်ဖွဲ့ဝင်သုံးယောက်ပါမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ကဲ. . . သိပြီလား။ မေးစရာရှိသေးလား"

"မရှိတော့ပါဘူး"

"မရှိရင် ဆက်လုပ်ပါ"

မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌဖြစ်သူကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ ရုံးသို့ ပြန်ရောက်တော့ ကျောက်မျက်ရတနာစီမံကိန်းမန်နေဂျာကို သတင်းပို့လိုက်သည်။

တကယ်တော့ စာရေးသူသည် ကေဒါတစ်ဦးဖြစ်သဖြင့် တင်းပြည့်ပါတီဝင်ဖြစ်၍ မြို့နယ်ပါတီယူနစ်က သန်းခေါင်စာရင်းစစ်ခေါင်းဆောင်တာဝန်ကို အပ်နှင်းခြင်းဖြစ်သည်။

နောက်ရက်တွင် သန်းခေါင်စာရင်းစစ်ခေါင်းဆောင်များကို သွားရောက်တာဝန်ယူရမည့် ကျေးရွာများကို ကြေညာပေး၏။

"ဦးခင်အောင်နဲ့အဖွဲ့က ကျပ်ပြင်ဘောမားကျေးရွာကို တာဝန်ယူရမယ်။ ဘောမားရွာပြီးရင် ပန်လင်ရွာကို တာဝန်ယူရမယ်"။

ဘောမားရော၊ ပန်လင်ကျေးရွာပါ ထို ၁၉၇၃ ခုနှစ်က အညိုရောင်နယ်မြေဖြစ်သည်။ သောင်းကျန်းသူများ ဖြတ်သွားဖြတ်လာရှိ၏။ သတိထားရမည်။ တိုက်ပွဲဖြစ်နိုင်သည်။ သို့သော် စာရေးသူမမှုပါ။ ထူး၍မဆန်းပါ။

သန်းခေါင်စာရင်းကောက်ရန်အတွက် ကျွန်တော်ခေါင်းဆောင်သောအဖွဲ့သည် မိုးကုတ်မြို့နှင့် ၁၂ မိုင်မျှ ဝေးကွာသော ကျပ်ပြင်မြို့လေးမှတစ်ဆင့် သွားရသော ဘောမားရွာသည် အတော်လေးဝေး၏။ လီဆူ၊ ကချင်၊ ချင်း၊ ဂေါ်ရခါး၊ တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။ ဗမာလူမျိုး အနည်းငယ်သာရှိသည်။ ကျောက်လုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

အဓိကလုပ်ငန်းမှာ ကျောက်ခိုးတူးလုပ်ငန်းဖြစ်သည်။ ထိုစဉ်ကာလ ၁၉၇၃ ခုနှစ်က အစိုးရကျောက်မျက်တူးဖော်ရေးသာရှိ၏။ ကျောက်မျက်ခိုးတူးသူများလည်းရှိ၏။ ကုမ္ပဏီမပေါ်ပေါက်သေး။ ကျောက်တူးဖော်ရေးမရှိသေးပေ။

ကျပ်ပြင်မြို့တစ်ဝိုက်က နီလာ(ကျောက်အပြာရောင်)သာ အထွက်များ၏။ နတ်သွေးကျောက်၊ အညံ့ပန်း(အောက်ကျောက်) အနည်းငယ်ရှိသည်။ အောက်ကျောက်ဆိုသည်မှာ တန်ဖိုးကြီးမဟုတ်ဘဲ ထောင်ဂဏန်းခန့်သာ တန်ဖိုးရှိသည်။ ထမင်းစားကျောက်ဟုလည်း ခေါ်သည်။

ထမင်းစားကျောက်ဟူသည် ငွေကျပ် ၅၀၀ သို့မဟုတ် ငွေကျပ် ၁၀၀၀ တန်ဖိုးရှိ ထမင်းဖိုး၊ ဟင်းဖိုးမျှသာ တန်ဖိုးရှိသော ကျောက်မျိုးကို ဆိုလို၏။

**❖ ထိုနေ့၊ ထိုရက် နံနက်ခင်းတွင် ဘောမာကျေးရွာနှင့် အတော်ဝေးသော တောနက်လျှိုမြောင်းထဲ၌ ကျောက်သူခိုးကိုးဦးဝိုင်းဖွဲ့၍ ထမင်းစားနေကြ၏။ သေနတ် လေး၊ ငါးချက်ဖောက်ပြီး ဝင်စီး၊ ဝင်ဖမ်း၊ လက်ထိတ်ခတ်လိုက်သည်။ ဒုတိယရဲအုပ် သိန်းထွန်းနှင့် တပ်ဖွဲ့ဝင်သုံးဦး၏ ထက်မြက်မြန်ဆန်လှသည့် တိုက်ကွက်ကြောင့် ကျောက်သူခိုးကိုးဦးတို့အငိုက်မိသွားခဲ့သည်။ လှုပ်ပင်မလှုပ်နိုင်ခဲ့။ အဆိုပါခိုးဝင်လာသူ ကိုးဦးအနက် ခေါင်းဆောင်က ဗမာစကားတတ်၏။ သူက ကျိုင်းတုံမြို့တွင် မွေးဖွားသူဟု သိရသည်။ ❖**

ကျပ်ပြင်၌ စာရေးသူတို့ ကျောက်မျက်ရတနာစီမံကိန်းဌာနပိုင် တွင်းအမှတ်(၁၁)၊ (၁၂)၊ (၁၃) ရှိသည်။ မိုးကုတ်တွင် ကျောက်တွင်းအမှတ်(၁) မှ (၁၀) ထိ အစိုးရပိုင်တွင်း ၁၀ တွင်းရှိသည်။ တွင်းအမှတ် (၆/၇) အေးစေတီတောင်တွင်းမှာ ကျောက်ထွက်အကောင်းဆုံးဖြစ်၏။

၁၉၇၅ ခုနှစ်က ပတ္တမြားတစ်ပွင့် ကျောက်ခိုးသူလက်က ပြန်ရရန် စာရေးသူကြိုးစားပမ်းစားဖမ်းရာတွင် သုံးဦးနှင့်တစ်ဦး ရိုက်ပွဲဆင်ခဲ့ရသည်။ နှစ်ဦးကို ရှေ့သွားများပြုတ်ထွက်သွားအောင်၊ ခေါင်းကွဲအောင် ဂေါ်ပြားဖြင့် စာရေးသူ ရိုက်နှက်လိုက်ပြီး ပတ္တမြားတစ်ပွင့်ကို မရရအောင်ယူခဲ့ရသည်။ စာရေးသူ၏ လည်ကုပ်နှင့်ကျောကုန်း၊ လက်ဖျံကိုလည်း ဂေါ်ပြားစာ အကျွေးခံလိုက်ရသည်။ ယနေ့ထက်တိုင် မိုးအေးလျှင် ကျောပြင်က ဒဏ်ရာက ကိုက်ခဲနာကျင်၏။

၁၉၇၅ ခုနှစ်က စာရေးသူ အသက် ၃၇ နှစ်အရွယ်ဖြစ်သည်။ ယခုအခါ ၇၈ နှစ်ထဲသို့ ရောက်လာပြီဖြစ်သည်။ လုံခြုံရေးမှူးတာဝန်ကို ထမ်းဆောင်ရသဖြင့် နိုင်ငံတော်ပိုင်ကျောက်မျက်ရတနာများ သူခိုးများ၏လက်မရောက်ရန် ကာကွယ်ပေးရသည်။ သေသေကျေကျေပေ့။ ဤသည်မှာ လုံခြုံရေးဝန်ထမ်း၏ တာဝန်မဟုတ်ပါလား။

စာရေးသူအနေဖြင့် နိုင်ငံတော်အတွက် အသက်ပင်ပေးရန်အသင့်။ မိုးကုတ်မြို့ ကျောက်မျက်ရတနာစီမံကိန်း၌ ခုနစ်နှစ်တာဝန်ထမ်းဆောင်ခဲ့စဉ် ကျောက်သူခိုးဂိုဏ်းက ဘာမထီကို တောင်ပေါ်၊ တောင်အောက် လျှိုကြား၌ သတ်ပစ်ရန် ချောက်ကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့ကြသော်လည်း "ငါမသေဘူး ရေကူးတတ်တယ်" ဆိုသည့် စကားပမာ ဘာမထီမသေပါ။ အရိုက်တော့ခံခဲ့ရသည်။ လူသတ်၍ သေရမည့်ဇာတာပါသူသည် ရေနစ်၍ မသေပါ။ ဖေဖေ ဦးဖေခင် (သူရဲကောင်းဘွဲ့ရ) ပြောခဲ့သော ထိုစကားကို ကျွန်တော် အသည်းစွဲမှတ်ထားမိခဲ့သည်။

ဘောမားရွာတွင် သန်းခေါင်စာရင်းကောက်တာဝန်ကို ထမ်းဆောင်နေစဉ် တစ်နေ့၌ ဘောမားရွာလူကြီး (သူကြီး)ဂေါ်ရခါးအမျိုးသား ဦးလားဗဟာဒူးက စာရေးသူကို အလွန်အဖိုးတန်လှသော သတင်းတစ်ခုကို တိုးတိုးတိတ်တိတ်လာရောက်ပေး၏။

"ဆရာကြီး ဟိုးတောကြီးထဲမှာ လျှိုကြီးတစ်ခုရှိတယ်။ အဲဒီလျှိုက နီလာတွေထွက်တယ်။ ပြည်ကြီးက လူမျိုးတွေ ကျောက်တွေခိုးတူးနေတယ်တဲ့။ ဆရာကြီး ဖမ်းရဲလား"။

"သူတို့က လူဘယ်နှယောက်ရှိလဲ"

"အများကြီး"

"၁၀ ယောက်လောက်ရှိမလား"

"ရှိတယ် ရှိတယ်။ သူတို့က ဗမာစကား မပြောတတ်ဘူး"

"ဟုတ်ပြီ။ သူတို့မှာ သေနတ်တွေဘာတွေ ပါလာနိုင်လား"။

"သေနတ် သေနတ်တော့ မတွေ့ဘူး။ သူတို့က ရဲတင်းတယ်။ ဒီဘက်ကလူတွေကို မကြောက်ဘူး။ သူတို့ကျောက်ခိုးတူးတဲ့နေရာကို ငါတို့မလာရဘူးတဲ့။ မောင်းထုတ်တယ်"

ဦးလားဗဟာဒူး ပြောပြချက်ကို ကောက်နုတ်ကြည့်လိုက်တော့ "ပေါ့ပေါ့တန်တန်လုပ်လို့မရဘဲ သတိထားပြီး လုပ်ရမဲ့အလုပ်၊ အရေးကြီး တဲ့အလုပ်"ဟု စာရေးသူတွက်ဆမိ၏။

သည်တော့ ရဲတပ်ဖွဲ့ဝင်လေးဦးထဲက ဒုတိယရဲအုပ် သိန်းထွန်းကို သီးသန့်ခေါ်တွေ့ပြီး အသေးစိတ် ပြောပြတိုင်ပင်ရတော့သည်။

"ဒီလိုခိုးဝင်လာတဲ့သူတွေကို ရှောင်တခင် အလျင်အမြန်ဝင်ဖမ်းရမယ်။ လက်ထိတ်ခတ်ပါ။ ခပ်ကြမ်းကြမ်း၊ ခပ်ပြတ်ပြတ်လုပ်ပါ။ တကယ်လို့ သေနတ်ဆွဲ၊ ဓားဆွဲလုပ်ခဲ့ရင် ပစ်ဗျာ။ ဒါရန်သူပဲ။ ကျုပ်တို့နိုင်ငံသားလဲမဟုတ်ဘူး။ ပြည်ကြီးက ခိုးဝင်လာတဲ့ ကျောက်ခိုးတူးဂိုဏ်းဖြစ်တယ်။ နိုင်ငံတော်ပိုင် သယံဇာတပစ္စည်းတွေ သူတို့လက်ထဲရောက်မသွားဖို့ ကျုပ်တို့မှာ တာဝန်ရှိတယ်ဗျ၊ ရဲဘော်တို့ လက်တွန့်-မနေနဲ့ သူတို့က စတင်ပြီးရန်ရှာလာရင် အပြတ်ချရမယ်။ သူတို့မှာ လက်နက်ပါရင် ကိုယ်လက်မဦးရင် ကျုပ်တို့ကို သူတို့က သတ်သွားမှာနော်။ ဒီသန်းခေါင်စာရင်းအဖွဲ့မှာ ကျုပ်က ခေါင်းဆောင်ပဲ။ နိုင်ငံတော်အတွက် လုပ်ရဲလား ကိုသိန်းထွန်း"။

"လုပ်ရဲပါတယ်။ ဒါတာဝန်ပဲလေ။ တရားမဝင်ခိုးဝင်လာတဲ့သူတွေကို ကျွန်တော်လဲ ဖမ်းချင်နေတာကြာပြီ။ သူတို့က လက်နက်သုံးရင် ကျွန်တော်တို့ရဲတပ်ဖွဲ့ကလဲ လက်နက်သုံးရမှာပဲ။ ကျွန်တော်တို့လေးယောက်စလုံးဟာ မိုးမိတ်လမ်း ပိန်းပစ်ရွာကို ဓားပြတိုက်အဖွဲ့နဲ့ ရင်ဆိုင်တိုက်ဖူးတဲ့အတွေ့အကြုံရှိတယ်။ ဓားပြသုံးယောက်ကို အသေသတ်ခဲ့ပြီး နှစ်ယောက်ကို အရှင်ဖမ်းခဲ့ပါတယ်။ အဲဒီအတွေ့အကြုံတော့ရှိတယ်"

"ဟာ ကြိုက်သွားပြီ။ အိုကေ အိုကေ"

"ကျုပ်က လူတော့မသတ်ဖူးဘူး။ ဒါပေမဲ့ ကျောင်းသားအရွယ်တုန်းက လူခြောက်ယောက်ကို ဓားနဲ့ ထိုးခဲ့ဖူးတယ်။ ရိုက်ခဲ့တာတွေကတော့ အများကြီးပေါ့ ကိုသိန်းထွန်း။ ကျွန်တော့်နာမည် ဘာမထီဆိုတဲ့ ဘွဲ့က လက်ကိုသွေးစွန်းခဲ့လို့ ရခဲ့တဲ့နာမည်ပါ။ Boxing Champion ပါ။ ရွှေဘိုသားပါ။ မကြောက်တတ်ဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက် သေရဲတယ်"။

ထိုနေ့ ထိုရက် နံနက်ခင်းတွင် ဘောမာကျေးရွာနှင့် အတော်ဝေးသော တောနက်လျှိုမြောင်းထဲ၌ ကျောက်သူခိုးကိုးဦးဝိုင်းဖွဲ့၍ ထမင်းစားနေကြ၏။ သေနတ် လေး၊ ငါးချက်ဖောက်ပြီး ဝင်စီး၊ ဝင်ဖမ်း၊ လက်ထိတ်ခတ်လိုက်သည်။ ဒုတိယရဲအုပ် သိန်းထွန်းနှင့် တပ်ဖွဲ့ဝင်သုံးဦး၏ ထက်မြက်မြန်ဆန်လှသည့် တိုက်ကွက်ကြောင့် ကျောက်သူခိုးကိုးဦးတို့ အငိုက်မိသွားခဲ့သည်။ လှုပ်ပင်မလှုပ်နိုင်ခဲ့။ အဆိုပါခိုးဝင်လာသူ ကိုးဦးအနက် ခေါင်းဆောင်က ဗမာစကားတတ်၏။ သူက ကျိုင်းတုံမြို့တွင် မွေးဖွားသူဟု သိရသည်။

"ဘာအပြစ်ရှိလို့ ဖမ်းရတာလဲ"

ကျွန်တော့်ကိုကြည့်ပြီး ခပ်တည်တည်နှင့်ပြော၏။ ဘာမထီခင်အောင်၏ ညာဖြတ်လက်သီးတစ်လုံးက ဒိန်းခနဲဝင်ဆောင့်လိုက်ရာ ဝုန်းခနဲပြုတ်ကျသွား၏။

"အားလုံးကို လက်ထိတ်ခတ်။ ထွက်ပြေးရင် ဥပဒေအရ ပစ်ခတ်ဖမ်းဆီးမယ်"

တရားမဝင်ခိုးဝင်လာသူ ကိုးဦးစလုံး စာရေးသူတို့လက်ထဲသို့ ရောက်ခဲ့ပြီဖြစ်သည်။

ကျွန်တော်၏ဖခင် အငြိမ်းစားရဲဝန်ထောက် (D.Y.S.P) က ပြောခဲ့ဖူးသည်။

"အရေးတကြီးလုပ်ရမဲ့ကိစ္စရပ်မှာ မှန်ရမယ်၊ ရဲရမယ်၊ ဖျတ်လတ်ရမယ်၊ ဆုံးဖြတ်ချက်မြန်ရမယ်၊ မတွေဝေရဘူး"

ဖေဖေသည် ၁၉၂၆ ခုနှစ်အတွင်းက ရွှေဘိုခရိုင် ရေဦးမြို့နယ် မဟာမြိုင်နှောတော၌ ဓားပြခေါင်းဆောင် ပေါ်အိကြီးအဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူး၏။ ထိုအချိန်က ဖေဖေမှာ ရာဇဝတ်အုပ် (S.I.P) ဖြစ်သည်။ ပုလိပ်(ရဲ)တပ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်မှုဆင်နွှဲခဲ့စဉ် ဖေဖေက ဓားပြခေါင်းဆောင် ပေါ်အိကြီးကို အသေပစ်သတ်လိုက်နိုင်၏။ "ဖေဖေ ဆုံးဖြတ်ချက်မြန်လို့၊ ရဲရဲဝံ့ဝံ့ရင်ဆိုင်ခဲ့လို့ကွ။ နို့မို့ဆို ပေါ်အိကြီးက လက်ဦးသွားနိုင်တယ်"ဟု စာရေးသူဖေဖေက ပြောပြခဲ့ဖူး၏။

သန်းခေါင်စာရင်းကောက်သွားရင်း တရားမဝင်ခိုးဝင်လာသော ကျောက်သူခိုးများကို ကြားဖြတ်ဖမ်းဆီးရမိခြင်းဖြစ်သည်။ ခရီးသွားဟန်လွှဲဟု ဆိုရမည်ပင်။ ထိုကိုးဦးတွင် ရှစ်ဦးမှာ ယူနန်နယ်ကဖြစ်၏။ ကျိုင်းတုံမြို့ဖွား ကျောက်သူခိုးက ခေါင်းဆောင်၍ ခေါ်ခဲ့ခြင်းဖြစ်သည်။ သူတို့ကို မိုးကုတ်နယ်တရားရုံးက ထောင်ချလိုက်သည်။

စာရေးသူ မိုးကုတ်ကျောက်မျက်ရတနာစီမံကိန်းဌာနမှ ရန်ကုန်မြို့တော် သတ္တုတွင်းဝန်ကြီးဌာနသို့ ရာထူးတိုး၍ ၁၉၇၇ ခုနှစ် ဇွန် ၁ ရက်တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းမှာ မိုးကုတ်ကျောက်မျက်ရတနာစီမံကိန်းတွင် ကျောက်သူခိုးကိုးဦးကို ဖမ်းဆီးပေးနိုင်မှုကြောင့်လည်းပါဝင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

# မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ငါးမျိုးစုံ ကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ ထိုင်းနိုင်ငံဈေးကွက်သို့ နေ့စဉ်တင်ပို့ရောင်းချပေးနေ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ငါးမျိုးစုံကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ ထိုင်းနိုင်ငံဈေးကွက်သို့ နေ့စဉ်တင်ပို့ရောင်းချပေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှထွက်ရှိသော ရေထွက်ပို့ကုန်များကို မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံရနောင်းဈေးကွက်သို့ တင်ပို့ရောင်းချပေးနေသကဲ့သို့ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းကလည်း တင်ပို့မှုများရှိနေကြောင်း သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့်အနီးဆုံးဖြစ်ပြီး ဗန်ကောက်ဈေးကွက်သို့ တင်ပို့ရောင်းချပေးရာတွင် ခရီးစရိတ်ကုန်ကျမှု သက်သာသည့်အပြင် ဈေးနှုန်းလည်း ပိုမိုရရှိနေသဖြင့် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ရေထွက်ပို့ကုန်တင်ပို့မှုမှာ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက တင်ပို့မှုနီးပါး မြင့်တက်လာကြောင်း သိရသည်။

ယခု ဒီဇင်ဘာလ နောက်ဆုံးပတ်ထဲတွင် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ထိုင်းနိုင်ငံသို့ နေ့စဉ် ငါးမျိုးစုံ ကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ တင်ပို့ရောင်းချပေးနေကြောင်း၊ ထိုသို့ ငါးမျိုးစုံ တင်ပို့ရောင်းချပေးရာတွင် ငါးခွေးလျှာ၊ ပလာတူး၊ ငါးပလွေ၊ ငါးမျက်ကျယ်၊ ငါးဓါးလွယ်၊ ငါးခေါင်းပွ စသည့်ငါးအမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချပေးနေကြောင်း သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ရေထွက်ပို့ကုန်များကို အဓိကထားတင်ပို့ရောင်းချပေးနေသကဲ့သို့ အခြားသော ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၆ ရက်ထိ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

SKL

# ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**ကော့ကရိတ် ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုးနှင့် ခရိုင်အင်ဂျင်နီယာများ၊ မြို့နယ်တာဝန်ရှိသူများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကညင်ကတိုက်ကျေးရွာနှင့် ရွာဟောင်းကျွန်းကျေးရွာတို့၌ ရေရရှိရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းအရည်အသွေးကောင်းမွန်စေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၇၅ သန်းဖြင့် ကညင်ကတိုက်ကျေးရွာ၌ အနက်ပေ ၂၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၇၅ သန်းဖြင့် ရွာဟောင်းကျွန်းကျေးရွာ၌ အနက်ပေ ၂၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို အောက်တိုဘာလ ပထမပတ်ကဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးငွေစိုးက ပြောပြ၍သိရသည်။ **ကျော်ခိုး**

# ကန့်ဘလူခရိုင်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၆၄၈ ဧက စိုက်ပျိုးမည်

**ကန့်ဘလူ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၉၆၄၈ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် နွေစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဧက ၂၆၇၀၀၊ ကျွန်းလှမြို့နယ်တွင် ၂၉၄၈ ဧက စုစုပေါင်းနွေစပါး ၂၉၆၄၈ ဧကစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"လာမဲ့နှစ် နွေစပါးစိုက်ပျိုးချိန်မှာလဲ နွေစပါးဧက ၂၀၀၀၀ ကျော် စိုက်ပျိုးသွားဖို့အတွက် လျာထားပါတယ်။ ကန့်ဘလူခရိုင်မှာ စပါးစိုက်ပျိုးမှုကတော့ မိုးမှာစိုက်တာများတယ်။ နွေစပါးက စိုက်တာနည်းပါတယ်။ နွေစပါးစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီးတော့ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းဖို့အတွက် ဆောင်ရွက်နေတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် နွေစပါးစိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေသြဇာဖြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် သီးနှံစိုက်ပျိုးတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေးနှင့် ဓာတ်မြေသြဇာ ဈေးကြီးနေ၍ သဘာဝမြေသြဇာများ သုံးစွဲတတ်လာရေးသက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက မြို့နယ်အဆင့်မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီ မိနစ် ၃၀ က ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းသည် လွန်စွာအရေးကြီးကြောင်း၊ မှန်မှန်ကန်ကန် စနစ်တကျ စာရင်းကောက်ယူနိုင်ရေး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများနှင့် သင်တန်းတက်ရောက်လာသူများအနေဖြင့် အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးညွန့်ဝင်းထူးက လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကောက်ယူပြီးစီးရေးအတွက် မြေပြင်ရှိနှင့် အိမ်ထောင်စုလူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အိမ်ထောင်စုလူဦးရေ တစ်ခုချင်းစီကို မှန်ကန်သောစာရင်းရရှိရေး၊ မြေပြင်ကွင်းဆင်းကောက်ယူရေး လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းစနစ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသည်။

အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူဦးရေ ၄၀၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဒီဇင်ဘာ ၂၇ ရက်မှဒီဇင်ဘာ ၂၈ ရက်ထိ နှစ်ရက်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# သီပေါမြို့နယ် နားလွယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**သီပေါ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် နားလွယ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ နားလွယ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နားလွယ်ကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၂၈ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၅ ဒသမ ၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၄ ဒသမ ၉ သန်း စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၄ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# သတိပြုဆင်ခြင်ဖွယ် ရေထုညစ်ညမ်းမှုအန္တရာယ်

မေဇင်ထွန်း

ရေထုညစ်ညမ်းမှုဆိုသည်မှာ ဓာတုပစ္စည်းများ သို့မဟုတ် အဏုဇီဝပိုးမွှားများသည် ချောင်း၊ မြစ်၊ ကန်၊ သမုဒ္ဒရာ၊ ရေတိမ်ပိုင်း စသည်ဖြင့် ရေထုအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ရေအရည်အသွေးကို ကျဆင်းစေကာ လူ သို့မဟုတ် ပတ်ဝန်းကျင်ကို အဆိပ်ဖြစ်စေခြင်းပင်ဖြစ်သည်။ သောက်သုံးခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးအတွက် အသုံးပြုခြင်း၊ ရေကူးခြင်းနှင့် အခြားသောရေနှင့်ဆက်စပ်သည့်လုပ်ငန်းများအတွက် အသုံးပြုနေရသည့်ရေများ၏ ရေအရင်းအမြစ်များတွင် ဓာတုပစ္စည်းများ သို့မဟုတ် အဏုဇီဝပိုးမွှားများ ရောနှောပါဝင်လာခြင်းသည် ရေထုညစ်ညမ်းခြင်းပင်ဖြစ်သည်။ ညစ်ညမ်းစေသောအရာများထဲတွင် ဓာတုပစ္စည်းများ၊ အမှိုက်များ၊ ဗက်တီးရီးယားများနှင့် ကပ်ပါးပိုးများပါဝင်သည်။ ညစ်ညမ်းမှုအားလုံးသည် နောက်ဆုံးတွင် ရေထဲသို့ရောက်သွားကြသည်။ မြစ်များ၊ ရေလှောင်ကန်များ၊ ရေကန်များနှင့် ပင်လယ်များတွင် ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်များ ရောနှောနေခြင်းကြောင့် ရေထုညစ်ညမ်းမှုများဖြစ်စေသည်။

ရေသည် လူ့ဘဝအတွက် အရေးကြီးကြောင်း လူသားအားလုံးသိရှိပြီးဖြစ်သော်လည်း လူသားတို့သည် ရေအရင်းအမြစ်ထဲသို့ပင် အမှိုက်များကိုစွန့်ပစ်တတ်ကြသည်။ ကမ္ဘာပေါ်ရှိ ရေဆိုးများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပြန်လည်သန့်စင်မှုမရှိဘဲ စွန့်ပစ်ခြင်းကြောင့် အဆိုပါရေများသည် သဘာဝပတ်ဝန်းကျင်သို့ပင် ပြန်လည်ရောက်ရှိကာ မြစ်များ၊ ကန်များနှင့် သမုဒ္ဒရာများကို ညစ်ညမ်းသွားစေသည်။ ကျယ်ပြန့်လှသော ရေထုညစ်ညမ်းမှုပြဿနာသည် လူသားတို့၏ ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ နှစ်စဉ် ဘေးကင်းစိတ်ချရမှုမရှိသောရေကြောင့် လူသားတို့သေဆုံးရမှုသည် စစ်ပွဲနှင့် အခြားသောအကြမ်းဖက်မှုပေါင်းများစွာကြောင့် သေဆုံးရခြင်းထက် အရေအတွက်ပိုများသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သောက်သုံးနေသော ရေအရင်းအမြစ်များသည် အကန့်အသတ်ရှိသည်။ ကမ္ဘာ့ရေချိုများအားလုံး၏ တစ်ရာခိုင်နှုန်းအောက်ကိုသာလျှင် လက်တွေ့တွင် အမှန်တကယ်သောက်သုံးနိုင်သည်။ သို့သော်လည်း ကမ္ဘာ့ရေချိုလိုအပ်ချက်သည် ယခုလက်ရှိထက် ၂၀၅၀ ပြည့်နှစ်တွင် ပိုမိုလိုအပ်လာမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသားအများစုသည် ဘေးကင်းလုံခြုံသော သောက်သုံးရေကို လက်လှမ်းမီနိုင်သော်လည်း အာဆင်းနစ်၊ ကြေးနီနှင့် ခဲဆိပ် အန္တရာယ်ဖြစ်နိုင်သော ညစ်ညမ်းပစ္စည်းများသည် နိုင်ငံတိုင်းရှိ နေအိမ်များနှင့် အလုပ်ရုံ၊ စက်ရုံများသို့ သွယ်တန်းထားသော ရေပိုက်များကလာသည့် ရေတွင် တွေ့ရှိနေရသည်။

ရေတွင် ထူးခြားစွာညစ်ညမ်းမှုအားလုံးကို ပျော်ဝင်နိုင်သောစွမ်းရည်ရှိသည်။ “Universal Solvent” ဟု လူသိများသော ရေသည် ကမ္ဘာပေါ်ရှိ အခြားအရည်များထက် ပျော်ဝင်နိုင်စွမ်းပိုမြင့်သည်။ ထို့ကြောင့် ရေသည်ညစ်ညမ်းလွယ်ရခြင်းဖြစ်ကာ လယ်ယာများ၊ မြို့များနှင့် စက်ရုံများက စွန့်ပစ်လိုက်သော အဆိပ်အတောက်များ အလွယ်တကူ ပျော်ဝင်ပြီး ရောနှောကာ ရေထုညစ်ညမ်းမှုဖြစ်လာရခြင်းဖြစ်သည်။

**ရေထုညစ်ညမ်းမှုအမျိုးအစားများ**

မိုးရွာပြီးနောက် မိုးရေများသည် မြေကြီးထဲသို့ နက်ရှိုင်းစွာစိမ့်ဝင်ကာ အက်ကွဲကြောင်းများ၊ အပေါက်များ (အခြေခံအားဖြင့် မြေအောက်ရေသိုလှောင်ရုံ) ၏ အက်ကွဲကြောင်းများမှ သဘာဝအရင်းအမြစ်များထဲသို့ ရေများဝင်ရောက်ခြင်းမှ မြေအောက်ရေဖြစ်လာသည်။ အမေရိကန်နိုင်ငံသား ၄၀ ရာခိုင်နှုန်းခန့်သည် သောက်သုံးရေအတွက် မြေအောက်ရေကို မှီခိုအားထားကြသည်။ ကျေးလက်ဒေသရှိ လူတချို့အတွက်တစ်ခုတည်းသော ရေချိုအရင်းအမြစ်မှာ မြေအောက်ရေဖြစ်သည်။ ယခုအခါတွင် မြေအောက်ရေများတွင် ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာများမှထွက်ရှိသည့် အဆိပ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ၊ အမှိုက်ပုံများနှင့် မိလ္လာစနစ်များမှ ထွက်သောစွန့်ပစ်ပစ္စည်းများ၊ ညစ်ညမ်းသောအညစ်အကြေးများသည် ရေတွင်းထဲသို့ရောက်သွားပြီး မြေအောက်ရေကိုအဓိကအားထားအသုံးပြုနေရသော လူသားများကိုအန္တရာယ်ဖြစ်စေသည်။ ညစ်ညမ်းသောမြေအောက်ရေကိုဖယ်ရှားရန်မဖြစ်နိုင်သည့်အပြင် အကယ်၍ ညစ်ညမ်းသောရေကို သန့်စင်မည်ဆိုပါကလည်း ငွေကုန်ကြေးကျများမည်ဖြစ်သည်။ ရေသည်ညစ်ညမ်းသွားသည်နှင့် တစ်ပြိုင်နက် နှစ်ထောင်ပေါင်းများစွာတိုင် အသုံးပြုနိုင်တော့မည်မဟုတ်ချေ။ ထို့ပြင် ထိုညစ်ညမ်းသော မြေအောက်ရေသည် စမ်းချောင်းများ၊ အင်းအိုင်များနှင့် သမုဒ္ဒရာများအတွင်းသို့ စိမ့်ဝင်သွားသောကြောင့် ထိုရေများတွင်လည်း ညစ်ညမ်းမှုကိုပျံ့နှံ့စေသည်။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းခန့်ကို ရေပြင်က လွှမ်းခြုံထားပြီး ၎င်းရေမျက်နှာပြင်များတွင် သမုဒ္ဒရာများ၊ အင်းအိုင်များ၊ မြစ်များအစရှိသဖြင့် ပါဝင်သည်။ ရေချိုအရင်းအမြစ်များ (ဆိုလိုသည်မှာ သမုဒ္ဒရာမဟုတ်သည့် အခြားအရင်းအမြစ်များမှ)



လူနေအိမ်များသို့ ပေးဝေသောရေမှာ ၆၀ ရာခိုင်နှုန်းကျော်ရှိသည်။ သို့သော် ထိုရေများသည် ယခုအခါတွင် သိသာသောညစ်ညမ်းမှုများဖြင့် ရင်ဆိုင်နေရသည်။ အမေရိကန် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး အေဂျင်စီ၏ အမျိုးသားရေအရည်အသွေးပိုင်းဆိုင်ရာ လတ်တလောစစ်တမ်းများအရ မြစ်များ၊ ချောင်းများ၏ ထက်ဝက်ခန့်နှင့် လူသားတို့သုံးနေသည့် ရေကန်များ၏ သုံးပုံတစ်ပုံကျော်သည် ယခုအခါ ညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရသည်။ လယ်ယာစွန့်ပစ်ပစ္စည်းနှင့် ဓာတ်မြေဩဇာများမှ ယိုစိမ့်လာသော နိုက်ထရိုက်နှင့် ဖော့စဖိတ်များကဲ့သို့ အဆိပ်အတောက်များသည် ရေချိုအရင်းအမြစ်များကို ညစ်ညမ်းစေသည့် အဓိကအကြောင်းရင်းဖြစ်သည်။ အပင်နှင့် တိရစ္ဆာန်တို့အတွက်ရေလိုသည်။ စည်ပင်သာယာနှင့် စက်မှုဇုန်များမှထွက်သော စွန့်ပစ်ပစ္စည်းများ၊ အဆိပ်အတောက်များ၊ စက်မှုလုပ်ငန်းနှင့် လူတစ်ဦးချင်းစီက ထွက်သော အမှိုက်များကိုလည်း ရေထဲသို့ တိုက်ရိုက်စွန့်ပစ်သဖြင့် ရေသည် ညစ်ညမ်းသည်ထက် ညစ်ညမ်းလာရပါတော့သည်။ သမုဒ္ဒရာ၏ ၈၀ ရာခိုင်နှုန်း ညစ်ညမ်းလာရခြင်းကို အဏ္ဏဝါညစ်ညမ်းမှုဟုလည်းခေါ်သည်။ ကမ်းရိုးတန်းတစ်လျှောက် သို့မဟုတ် ကုန်းတွင်းပိုင်း၌ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များနှင့် လေးလံသောသတ္တုများကဲ့သို့သော ညစ်ညမ်းသည့် အညစ်အကြေးများသည် မြို့များရှိ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အော်များနှင့် သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိသွားသည်။ ပလတ်စတစ်များသည် လေတိုက်၍ဖြစ်စေ၊ မုန်တိုင်းတိုက်ခတ်၍ဖြစ်စေ မြောင်းများ၊ ချောင်းများမှတစ်ဆင့် သမုဒ္ဒရာများထဲသို့ရောက်ရှိလာသည်။ ထို့ပြင် ပင်လယ်များအတွင်း တစ်ခါတစ်ရံတွင် ရေနံယိုဖိတ်မှုနှင့် ယိုစိမ့်မှုများမှလည်း ပင်လယ်တွင်း ကာဗွန်ညစ်ညမ်းမှုကိုဖြစ်စေသည်။ သမုဒ္ဒရာများသည် လူလုပ်ကာဗွန်ထုတ်လွှတ်မှု၏ လေးပုံတစ်ပုံခန့်ကို စုပ်ယူနိုင်စွမ်းရှိသည်။ သမုဒ္ဒရာများညစ်ညမ်းလာသောအခါ ကာဗွန်ထုတ်လုပ်မှုကို စုပ်ယူနိုင်စွမ်းများလည်း လျော့ကျလာသည်။

**အဖြစ်အများဆုံး ရေထုညစ်ညမ်းမှုအမျိုးအစားများ အကြောင်း**

စိုက်ပျိုးရေးကဏ္ဍသည် ကမ္ဘာ့ရေချိုအရင်းအမြစ်များကို အများဆုံးသုံးစွဲသည့်လုပ်ငန်းဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ အသုံးပြုပြီး ပြန်ထွက်လာသော စွန့်ပစ်ပစ္စည်းများ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ဆိုးရွားသော ရေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ ကမ္ဘာတစ်ဝန်းတွင် လုပ်ကိုင်နေကြသည့် စိုက်ပျိုးရေးလုပ်ငန်းများသည် ရေချိုများပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် စိုက်ပျိုးရေးကြောင့် ရေထုညစ်ညမ်းမှုများထဲတွင် မြစ်ချောင်းများအတွင်း ညစ်ညမ်းမှုသည် အဆိုးဆုံးဖြစ်ကာ စိုစွတ်သောမြေများတွင် ဒုတိယအဆိုးဆုံးနှင့် ရေကန်များတွင် တတိယဖြစ်သည်။ မြစ်ဝကျွန်းပေါ်များရှိ ရေများနှင့် မြေအောက်ရေများကို ညစ်ညမ်းစေသော အဓိကအကြောင်းရင်းမှာလည်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရွာသည့်အခါတိုင်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ မွေးမြူရေးခြံများနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်လာသောဓာတ်များနှင့် ရောဂါပိုးများသည် မိုးရေနှင့်အတူမျောပါကာ မြေဆီလွှာထဲသို့ စိမ့်ဝင်သွားခြင်းသည် မြေအောက်ရေကို ညစ်ညမ်းစေသည်။ ရေ သို့မဟုတ် လေထဲတွင် ပိုလျှံနေသော နိုက်ထရိုဂျင်နှင့် ဖော့စဖရတ်ကြောင့် ဖြစ်ပေါ်လာသော အာဟာရညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းရှိ ရေအရည်အသွေးကို ခြိမ်းခြောက်နေသော ပြဿနာတစ်ရပ်ဖြစ်ပြီး လူနှင့်တောရိုင်းတိရစ္ဆာန်များကို အန္တရာယ်ဖြစ်စေကာ အဆိပ်သင့်နိုင်သော စိမ်းပြာရေညှိများအဖြစ် ပြောင်းလဲသွားသည်။

မိလ္လာများမှ ထွက်လာသောရေများသည် ရေဆိုးများဖြစ်သည်။ ကျွန်ုပ်တို့၏ ဗိုလ်ထိုင်အိမ်သာများ၊ ရေချိုးခန်းများနှင့် ရေလောင်းအိမ်သာများ၊ စီးပွားဖြစ်စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိလာသော အညစ်အကြေးများနှင့် အဆိပ်သင့်အမှိုက်များသည် မိုးရွာသွန်းသည့်အခါ မြေဆီလွှာများထဲသို့ စိမ့်ဝင်သွားသည်။ ကမ္ဘာ့ရေဆိုးများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ကုသခြင်း သို့မဟုတ် ပြန်လည်အသုံးပြုခြင်းမပြုဘဲ ပတ်ဝန်းကျင်သို့ ပြန်လည်စီးဆင်းသွားကြောင်းနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတချို့တွင် ၉၅ ရာခိုင်နှုန်းထိရှိကြောင်း ကုလသမဂ္ဂ၏အဆိုအရ သိရသည်။ အမေရိကန်နိုင်ငံတွင် ရေဆိုးသန့်စင်ရေးစက်ရုံများသည် တစ်နေ့လျှင် ရေဆိုးဂါလန် ၃၄ ဘီလီယံခန့်ကို စီမံဆောင်ရွက်လျက်ရှိသည်။ ၎င်းစက်ရုံများသည် မိလ္လာအတွင်းရှိ ရောဂါပိုးမွှားများ၊ ဖော့စဖရတ်နှင့် နိုက်ထရိုဂျင်ကဲ့သို့ညစ်ညမ်းစေသောပမာဏကို လျှော့ချပေးသည့်အပြင် သန့်စင်ထားသောရေများကို ရေလမ်းကြောင်းထဲသို့ မရောက်မီတွင် လေးလံသော အဆိပ်သင့်ဓာတုပစ္စည်းများကိုပါ လျှော့ချပေးသည်ကို တွေ့ရသည်။ အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (EPA)၏ ခန့်မှန်းချက်များအရ မိလ္လာစနစ်များမှ နှစ်စဉ် မသန့်စင်သောရေဂါလန် ၈၅၀ ဘီလီယံကျော်ကို ထုတ်ပေးကြောင်း သိရသည်။

ကြီးမားသော ယိုဖိတ်မှုများမှတစ်ဆင့် နေ့စဉ်သန်းနှင့်ချီသော ရေနံတန်ချိန်များ ပင်လယ်သမုဒ္ဒရာများသို့ ဝင်ရောက်နေမှုများမှာ မကြာခဏဆိုသလို ဖြစ်နေသည်ကိုတွေ့ရသည်။ ရေနံညစ်ညမ်းမှုများသည် နှစ်စဉ် ပင်လယ်ရေကြောင်းမှ ရေနံတင်သင်္ဘော မှောက်မှုကြောင့်ဖြစ်ပြီး တရားဝင်နှင့် တရားမဝင် စွန့်ပစ်မှုများမှလည်း သုံးပုံတစ်ပုံခန့် ပါဝင်သည်။ ထို့ပြင် ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများကြောင့် ပေါ်ပေါက်လာသော ရေညစ်ညမ်းမှုသည် အဆိုးရွားဆုံးဖြစ်သည်။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများကြောင့် ရေညစ်ညမ်းမှုသည် ပတ်ဝန်းကျင်က သဘာဝအတိုင်းထုတ်လွှတ်သည်ထက်ကျော်လွန်၍ ဓာတ်ရောင်ခြည်ထုတ်လွှတ်ခြင်းကြောင့်ဖြစ်သည်။ ၎င်းကို ယူရေနီယံတူးဖော်မှု၊ နျူကလီးယားဓာတ်အားပေးစက်ရုံများ၊ စစ်လက်နက်များ ထုတ်လုပ်ခြင်းနှင့် စမ်းသပ်ခြင်းများ၊ သုတေသနနှင့် ဆေးပညာအတွက် ရေဒီယိုသတ္တိကြွပစ္စည်းများ ထုတ်လုပ်ခဲ့ခြင်းများကြောင့်ဖြစ်သည်။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်တွင် နှစ်ထောင်ပေါင်းများစွာကြာအောင် တည်ရှိနေနိုင်ပြီး စွန့်ပစ်ရန်မှာ အလွန်ခက်ခဲသဖြင့် အဓိကစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများရောနှောပါဝင်သော ရေဂါလန် ၅၆ သန်းကို ရှင်းလင်းရေးလုပ်သည့်အခါ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ကျော် ကုန်ကျမည်ဖြစ်သည်။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများသည် မြေအောက်ရေ၊ ရေမျက်နှာပြင်နှင့် အဏ္ဏဝါအရင်းအမြစ်များကို ထိခိုက်စေသောညစ်ညမ်းမှုများ ပေါ်ပေါက်စေသဖြင့် မတော်တဆဖြစ်စေ၊ မှားယွင်းစွာစွန့်ပစ်ခြင်းများဖြစ်စေ ပြုလုပ်မိပါက ဆိုးရွားသောအကျိုးဆက်များကို ခံစားရမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် မသန့်ရှင်းသောရေကြောင့် လူပေါင်း ၁ ဒသမ ၈ သန်း သေဆုံးခဲ့ရသည်ဟု The Lancet သိပ္ပံပညာရပ်ဆိုင်ရာဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်လေ့လာမှုတစ်ခုအရ သိရသည်။ ညစ်ညမ်းသောရေသည် ရောဂါဖြစ်စေနိုင်သည်။ ဘေးကင်းစိတ်ချရမှုမရှိသော ရေကြောင့် နှစ်စဉ် လူတစ်ဘီလီယံခန့် ဖျားနာနေသည်။ လူနှင့်တိရစ္ဆာန် အညစ်အကြေးများမှ ရောဂါဖြစ်စေသော ဗက်တီးရီးယားနှင့် ဗိုင်းရပ်များ ရေတွင်းသို့ရောက်သောအခါ ရောဂါပိုးများသည် ညစ်ညမ်းသောသောက်သုံးရေကိုဖြစ်စေပြီး ဖျားနာရခြင်းကို ဖြစ်စေသည်။ အန္တရာယ်မကင်းသောရေကြောင့်ဖြစ်တတ်သည့် ကူးစက်ရောဂါများမှာ ကာလဝမ်း၊ Giardia နှင့် တိုက်ဖွိုက်တို့ဖြစ်သည်။ ချမ်းသာသောနိုင်ငံများတွင်ပင် မိလ္လာသန့်စင်သည့် စက်ရုံများမှ မတော်တဆ သို့မဟုတ် တရားမဝင် စွန့်ပစ်မှုများအပြင် လယ်ယာနှင့် မြို့ပြများမှ စိမ့်ထွက်မှုများသည် ရေလမ်းကြောင်းတစ်လျှောက် အန္တရာယ်ရှိသော ရောဂါပိုးများပေါက်ဖွားခြင်းကို ဖြစ်ပေါ်စေသည်။ ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည်မှာ အာဆင်းနစ်နှင့် ပြဒါးကဲ့သို့သော ဓာတုပစ္စည်းများမှသည် ပိုးသတ်ဆေးများ၊ နိုက်ထရိတ်ဓာတ်မြေဩဇာများထိ ပါဝင်ပြီး ၎င်းတို့သည် ရေအရင်းအမြစ်များကို ညစ်ညမ်းစေပြီး ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပွားစေကြောင်း ဗဟုသုတအနေဖြင့် ဖော်ပြလိုက်ရပါသည်။

**Water Pollution: Everything You Need to Know ကို ဘာသာပြန်ဆိုပါသည်။**

# ယဉ်ကျေးလိမ္မာ သိမှတ်ဖွယ်ရာ အပိုင်း(၂)

နုခန့်ယဉ်(ရစ်ကန်ကြီး)

ယဉ်ကျေးမှုဟူသည် ဝတ်စားဆင်ယင်မှု၊ နေထိုင်ပြောဆိုမှုအဆင်ပြေနေခြင်းကို ဆိုလိုခြင်းမဟုတ်ပေ။ မိမိ၏စိတ်ကိုထိန်းသိမ်းနိုင်ခြင်းသည်လည်း ယဉ်ကျေးမှု၏အခြေခံအချက်ပင်ဖြစ်သည်။ လူ့ပတ်ဝန်းကျင်နယ်ပယ်အသီးသီးတွင် ကျင်လည်ရာ၌ သင့်တော်၏၊ မသင့်တော်၏ကို အသိစိတ်ဖြင့်ထိန်းသိမ်း၍ ကျင့်ကြံနေထိုင်ခြင်းသာလျှင် ယဉ်ကျေးမှုအနှစ်ဖြစ်ပေသည်။

**အထွေထွေယဉ်ကျေးခြင်း**

အထွေထွေယဉ်ကျေးခြင်းသည် ယဉ်ကျေးမှုအရပ်ရပ်ထဲတွင် တစ်ချက်အပါအဝင်ဖြစ်သည်။ အထွေထွေယဉ်ကျေးခြင်းတွင် ယေဘုယျအားဖြင့် ၂၁ မျိုးရှိသည်။ ထို ၂၁ မျိုးထဲမှ ၁၀ မျိုးကိုဖော်ပြခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ ၁၁ မျိုးကို မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီစွာ ကျင့်ကြံပြုမူနေထိုင်ရန်ရည်ရွယ်၍ ဦးစွာဖော်ပြပါမည်။

၁၁။ မိမိနှင့်ဆိုင်သော ကိစ္စဖြစ်စေကာမူ မိမိကို သိစေသောအခါမှသာလျှင် သိရာ၏။ သိလိုဇောနှင့် လောဘတကြီး စကားမဆုံးမီမေးမြန်းခြင်း မပြုနှင့်။ အခွင့်ကိုစောင့်၍ မေးသင့်မှ မေးရာ၏။

လူသားတို့သည် စိတ်ဆန္ဒထူးထွေများပြားသည်။ မျှော်လင့်ချက်ဖြင့် ကြိုးစားနေကြရသည်။ ကြိုးစားတိုင်းအရာရောက်အောင်မြင်ချင်ကြသည်။ ထိုအခါ မိမိနှင့်ပတ်သက်၍ ဝေဖန်ချက်၊ မျှော်လင့်ချက်၊ အောင်မြင်မှု စသည်တို့ကို အဆောတလျင်သိလိုကြသည်။ မိမိသိလိုသောအကြောင်းအရာသည် အချိန်တန်လျှင် သိကိုသိရမည်သာဖြစ်သည်။ ထိုအချက်ကိုလျစ်လျူပြု၍ သိလိုဇောဖြင့် မေးမြန်းခြင်းသည် တစ်ဖက်သားအပေါ် မလေးစားစွာဆက်ဆံခြင်းပင်ဖြစ်သည်။ တစ်ဖက်သား၏ ဂုဏ်သိက္ခာ၊ စည်းဘောင်တို့ကို ချိုးဖျက်ရာရောက်သည်။ ထို့ကြောင့် တစ်ပါးသူက အခွင့်အရေးမပေးဘဲ မိမိက ဦးစွာမေးမြန်းခြင်းကို ရှောင်ကြဉ်ရမည်။

၁၂။ အခြားသူများ၏ စာရွက်စာတမ်းများကို စောင်းငဲ့၍ပင် မကြည့်ရာ။ (စည်းကမ်းစနစ်ကြီးသူဖြစ်ပါစေ)။ လူတစ်ဦးတစ်ယောက်တွင်ဖြစ်စေ၊ အဖွဲ့အစည်းတွင်ဖြစ်စေ ကိုယ်ပိုင်မှတ်တမ်းများရှိကြသည်။ ထိုမှတ်တမ်းများသည် အများသူငါသိစေရန်လည်းဖြစ်နိုင်သကဲ့သို့ တစ်ဦးတစ်ယောက်တည်းသိစေရန်လည်း မှတ်တမ်းပြုထားခြင်းဖြစ်နိုင်သည်။ ထိုမှတ်တမ်းများကို ခွင့်ပြုချက်မရရှိဘဲ စွက်ဖက်ကြည့်ရှုခြင်းသည် လူမှုရေးချိုးဖောက်ခြင်းပင်ဖြစ်သည်။ ပိုင်ရှင်မသိဘဲ ပြုမူမိသောအရာတိုင်းသည် အလွန်ပင်ရှက်ရွံ့ဖွယ်ကောင်းပေသည်။ ထို့ကြောင့် မိမိနှင့်မသက်ဆိုင်သော စာရွက်စာတမ်း၊ မှတ်တမ်းများကို မစပ်စုမိရန် ရှောင်ကြဉ်ကြရပေမည်။

၁၃။ မိမိဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိပါက မညည်းညူပါနှင့်။ ညည်းတွားတတ်သူသည် မည်သည့်နေရာမျှ အသုံးမဝင်ချေ။ အများ၏ အနှောင့်အယှက်ဖြစ်စေရုံမျှမက ကြားသူတို့စိတ်တွင် မနှစ်မြို့မှုကို ဖြစ်စေသည်။

တာဝန်ဟူသည်မှာ မဖြစ်မနေပြုလုပ်ရသောအလုပ်ဖြစ်သည်။ မိမိကိုယုံကြည်၍ အခြားသူက တာဝန်ပေးအပ်ခြင်းရှိသကဲ့သို့ မိမိကိုယ်တိုင် လက်ခံနိုင်သောကြောင့် ရယူထားသောတာဝန်လည်း ရှိပေသည်။ မည်သို့ပင်ဆိုစေကာမူ ကျေပွန်စွာထမ်းဆောင်ရမည့်ဝတ္တရားရှိပေသည်။ ထိုသို့ မဖြစ်မနေထမ်းဆောင်ရမည့်တာဝန်ကို ထမ်းဆောင်ရသည့်အတွက် မကျေမနပ်ပြောဆို၍ ညည်းညူခြင်းသည် မိမိ၏အရည်အသွေးကို ပျက်ပြားစေခြင်းသာဖြစ်သည်။ မိမိ၏အရည်အသွေးပျက်ပြားသည်နှင့်အတူ မိမိတာဝန်ယူထားသောဆောင်ရွက်ချက်များလည်း ချို့ယွင်းမည်ဖြစ်သည်။ ထိုသူသည် မည်သို့သောနေရာမျှ အသုံးဝင်မည်မဟုတ်တော့ပေ။ မိမိ၏ ညည်းညူသံကြောင့် တစ်ပါးသူ၏စိတ်ကို အနှောင့်အယှက်ဖြစ်စေသည်။ ညည်းညူခြင်းကြောင့် ရွှင်လန်းတက်ကြွမှုမရှိတော့ဘဲ အရာရာတွင် နှောင့်နှေးကြန့်ကြာနေပေလိမ့်မည်။ ထို့ကြောင့် မည်သည့်နေရာ၊ မည်သည့်အလုပ်၌မဆို ညည်းညူခြင်းကို ရှောင်ကြဉ်ကြရမည်။

၁၄။ မည်သည့်အခါမဆို မျက်နှာကို ကောင်းစွာထားရာ၏။ မကောင်းသော ဘေးဒုက္ခတွေ့သည့်အခါ၌ပင် စိတ်မညစ်ဘဲ မှတ်သားရန် သင်ခန်းစာရပေသည်ဟု အကောင်းဘက်က ယူရာ၏။

လူ့လောကတွင် လောဘ၊ ဒေါသ၊ မောဟ ဟူသောအရာများကို ပြေလျော့ခြင်း၊ ပြေပျောက်ခြင်းဖြစ်စေသည့်အရာသည်ကား အပြုံးပင်ဖြစ်သည်။ ပြုံးရွှင်နေသည့်အခါ မြင်ရသူတိုင်းကို စိတ်ရွှင်လန်းစေသည်။ စိတ်ကျေနပ်မှုကိုဖြစ်စေသည်။ မျက်နှာထားညှိုးနွမ်းခြင်း၊ စိတ်ခက်ထန်သောအမူအရာဖြင့် မျက်နှာစူပုပ်နေခြင်းတို့သည် မြင်ရသူအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်စေနိုင်သည်။ မိမိ၏ စိတ်ကိုလည်း ပျော်ရွှင်ရန်မြူဖြင်ခြင်း ခက်ခဲနေပေလိမ့်မည်။ မည်သို့သောဆိုးရွားသည့်အကြောင်းအရာနှင့်တွေ့ဆုံစေကာမူ အပူသောကဟူသောရုပ်သွင်ကို ဖြေဖျောက်၍ အကောင်းဆုံးရင်ဆိုင်ကြရပေမည်။ သို့မှသာ ကောင်းကျိုးရလဒ်ကို ရရှိစေမည်ဖြစ်သည်။ ပြုံးရွှင်သောမျက်နှာသည် အရာရာကို အောင်မြင်စေသည် ဖြစ်သောကြောင့် မျက်နှာထားကို ကောင်းစွာထားရ၏ ဟု ဆိုလိုခြင်းဖြစ်သည်။

၁၅။ ပြုံးရွှင်သော မျက်နှာကို ထားနိုင်သမျှထားပါ။

နေ့ဟောင်းတစ်ခုကို အိပ်စက်အနားယူခြင်းဖြင့် အဆုံးသတ်ကြသည်။ အိပ်ရာမှနိုးထပြီးနောက် နေ့သစ်တစ်ခုကိုဖြတ်သန်းရန်စတင်ရသည်။ လူ့ဘဝခဏတာဟုဆိုကြသော် တစ်နေ့တာကာလကို ကျော်ဖြတ်ရန်အတွက် အနည်းနှင့်အများခက်ခဲခြင်းမျိုးရှိတတ်ကြသည်။ ထို့ကြောင့် နေ့သစ်တစ်ခုကိုဖြတ်သန်းရန်အတွက် လန်းဆန်းတက်ကြွမှုရှိရန်လိုအပ်သည်။ ကောင်းခြင်းမင်္ဂလာများကို ပိုမိုတွေ့ဆုံချင်ကြသည်။ မင်္ဂလာရှိသောနေ့သစ်အတွက် မိမိကိုယ်တိုင်ရွှင်လန်းနေရန်လိုအပ်သောကြောင့် အိပ်ရာမှနိုးထသည့်အချိန်ကတည်းက အပြုံးကိုဆောင်ကြရမည်။ သို့မှသာ မိမိကျင်လည်ရာ အသိုင်းအဝိုင်းတွင် ပေါင်းသင်းဆက်ဆံရေး၌ အဆင်ပြေချောမွေ့မည်ဖြစ်သည်။ မျက်နှာမြင်သည်နှင့် ချစ်ခင်ကြပေလိမ့်မည်။

၁၆။ စကားပြောဆိုခြင်းသည် ယဉ်ကျေးဖွယ်ရာသောအမူအရာဖြစ်၍ မိတ်ဆွေပေါများ၏။

လူသားတို့သည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာဆက်ဆံ၍ နယ်ပယ်အသီးသီးတွင် အတူတကွယှဉ်တွဲနေထိုင်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် စကားအပြောအဆိုသည်လည်း အလွန်ပင်အရေးကြီးသည်။ စကားပြောဆိုသည့်အခါ မလိုအပ်ဘဲအော်ဟစ်ပြောဆိုခြင်းသည် မိမိကို ရုပ်ဆိုးအကျည်းတန်စေရုံသာမက တစ်ပါးသူအတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ကြမ်းတမ်းသောအမူအရာဖြစ်၍ မိမိကိုရှောင်ဖယ်သွားသူ များပြားလာပေလိမ့်မည်။ လူမှုဝန်းကျင်နှင့်ကင်းကွာ၍ အရာရာတွင် အထီးကျန်ခြင်းကိုခံစားရပေမည်။ ထို့ကြောင့် စကားပြောဆိုသည့်အခါ ယဉ်ကျေးသောအမူအရာဖြင့် ပြောဆိုရန်လိုအပ်သည်။

၁၇။ ယဉ်ကျေးသော စကားအသုံးအနှုန်းတို့ကို အစဉ်အမြဲသတိထား၍ သုံးပြီးလျှင် စိတ်ချမ်းသာစွာ မျက်နှာထား ချိုသာပြုံးရွှင်နိုင်ပါစေ။

စကားပြောဆိုသည့်အခါ ယဉ်ကျေးသောစကားလုံးများဖြင့် ပြောဆိုခြင်းသည် ကြားရသူအတွက် စိတ်ချမ်းသာမှုကိုဖြစ်စေသည်။ "သူငယ်ချင်းရေ"ဟု နှုတ်ဆက်သည်ထက် "မင်္ဂလာပါ သူငယ်ချင်း"ဟူသော စကားသံသည် ကြားရသူ၏နှလုံးသားကို ပိုမိုနူးညံ့စေသည်။ ပြောသူနှင့် ကြားနာသူ နှစ်ဦးစလုံးတွင် မင်္ဂလာတရားနှင့်ပြည့်စုံပေသည်။ စကားအသုံးအနှုန်း ယဉ်ကျေးသည်သာမက မျက်နှာအနေအထားသည်လည်း အပြုံးကိုဆောင်ထားလျှင် တစ်ဦးနှင့်တစ်ဦးကြား မည်သို့ပင်သဘောထားကွဲလွဲသည်ဖြစ်စေကာမူ အမုန်းတရားဟူသည် ပယ်ပျောက်နေပေလိမ့်မည်။ ထို့ကြောင့် ယဉ်ကျေးသောစကားကိုဆို၍ ချိုသာသော အပြုံးကို ဆောင်ကြရမည်ဖြစ်သည်။

၁၈။ နှုတ်ချို သျှိုတစ်ပါး၊ နှုတ်ကြောင့်သေ လက်ကြောင့်ကြေဆိုသော ဆိုရိုးစကားများကိုသတိပြုပါ။

ချိုသာယဉ်ကျေးစွာ ပြောဆိုခြင်းသည်လည်း စကားတစ်ခွန်းဖြစ်သကဲ့သို့ ကြမ်းတမ်းစွာပြောဆိုခြင်းသည်လည်း စကားတစ်ခွန်းဖြစ်ပေသည်။ မည်သို့ပင်ပြောဆိုစေကာမူ လိမ္မာယဉ်ကျေးစွာပြောဆိုခြင်းသာလျှင် ကြားရသည့်တစ်ပါးသောသူအတွက် နားဝင်ချို၍ ချစ်ဖွယ်သောပြုမူခြင်းဖြင့်သာ တုံ့ပြန်ပေလိမ့်မည်။ ကြမ်းတမ်းသောစကားတစ်ခွန်းသည် ကြားရသူအတွက် နှလုံးကိုထိခိုက်စေသည်။ ထိုအခါ ကြားရသူတို့၏စိတ်သည်လည်း ကြမ်းတမ်းလာပြီး ခိုက်ရန်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်တတ်သည့်အခြေအနေပင်ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့်ပင် "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ"ဟု ရှင်မဟာရဋ္ဌသာရက ဆုံးမလမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ စကားပြောဆိုသည့်အခါ ချိုသာယဉ်ကျေးစွာ ပြောဆိုရန်သတိပြုကြရပေမည်။

၁၉။ "ကြမ်းကျွံလျှင် နှုတ်၍ရသည်၊ စကားလွန်လျှင် နှုတ်၍မရ"ဟူသော ဆိုရိုးစကားသည် နှုတ်မှု ယဉ်ကျေးခြင်းဆိုင်ရာ ဆိုရိုးစကားဖြစ်ပေသည်။

လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် စကားပြောဆိုသည့်အခါ သတိထားဆင်ခြင်ကြရမည်။ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ ပြက်ရယ်ပြုသောစကားကို ဟာသအဖြစ်ဖြင့်လည်း မပြောသင့်ပေ။ ဟာသအမြင်ဖြင့်ပြောသော်လည်း ကြားရသူများအတွက် ပြက်ရယ်ပြုသောစကားဖြစ်လျှင် ကြားနာသူများအတွက် စိတ်ဒဏ်ရာကိုရရှိစေနိုင်သည်။ စကားကိုပြန်ပြင်၍ပြောသော်လည်း အချည်းနှီးသာဖြစ်နေပေလိမ့်မည်။ လူတစ်ဦးတစ်ယောက်ရှေ့၌ဖြစ်စေ၊ လူအများ၏ရှေ့၌ဖြစ်စေ မဖြစ်နိုင်သောကတိစကားကိုမပြောသင့်ချေ။ အကြောင်းမညီညွတ်၍ ကတိစကားပျက်ယွင်းသည့်အခါ တစ်သက်တာအတွက် ကတိစကား မတည်သူအဖြစ် သတ်မှတ်ခြင်းခံရပေလိမ့်မည်။

၂၀။ သူတစ်ပါး၏ ပျော်ရွှင်မှုကို မနှောင့်ယှက်ပါနှင့်။ လူတိုင်းအပေါ် ဖြောင့်မတ်သော စိတ်စေတနာကောင်းထားပါ။

လူသားတိုင်းတွင် အဆိုးနှင့်အကောင်းကို ရင်ဆိုင်ရခြင်းသည် ဒွန်တွဲလျက်ရှိနေပေသည်။ အဆိုးများကြုံကြိုက်သည့်အခါ၌လည်း စိတ်ညစ်ညူးမှုရှိနေမည်။ ထိုသို့သောအချိန်မျိုးတွင် စိတ်ညစ်နေသောသူကို ပြက်ရယ်ပြုခြင်းမပြုသင့်ပေ။ အကောင်းများနှင့် ဆုံတွေ့ရသည့်အခါ လူသားတိုင်းပျော်ရွှင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုသို့သောအချိန်မျိုးတွင် ပျော်ရွှင်နေသူကို မနှောင့်ယှက်သင့်ချေ။ မနာလိုဝန်တိုခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းတို့သည် မိမိတို့၏ စိတ်အညစ်အကြေးကို ထုတ်သွန်ပြသကဲ့သို့ရှိနေပေလိမ့်မည်။ သူတစ်ပါး၏ ပျော်ရွှင်မှုကို နှောင့်ယှက်ခြင်းကြောင့် မိမိ၏ပျော်ရွှင်မှုသည်လည်း ပျောက်ကွယ်နေမည်ကိုသတိပြုကြရမည်။ ထို့ကြောင့် အခြားသူတစ်ဦးတစ်ယောက်ပျော်ရွှင်နေသည်ဖြစ်စေ၊ စိတ်ညစ်စရာများကြုံနေသည်ဖြစ်စေ မိမိဘက်က ဖြူစင်ဖြောင့်မတ်သောစိတ်ထားဖြင့်သာ ဖေးမကြရမည်ဖြစ်သည်။

၂၁။ မိမိမှာ တာဝန်ပေးခံရ၍ သြဇာအာဏာရှိလာလျှင် ငယ်သားကို မညှဉ်းဆဲပါနှင့်။ မကြိမ်းမောင်းပါနှင့်။ ယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်ပါစေ။

လူသားတို့၏ ဖြစ်တည်ရာဘဝတွင် ပညာဂုဏ်၊ ငွေဂုဏ်စသည်တို့သည် ဘယ်သောအခါမှ လူသားတိုင်းတန်းတူမရှိနိုင်ချေ။ ပညာအရည်အချင်းအနိမ့်အမြင့်၊ ငွေကြေးကြွယ်ဝမှု အတိုင်းအတာတို့သည် ကွဲပြားခြားနားမှုရှိပေသည်။ ရေဟူသော အရာသည်သာ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းခြင်းသဘောရှိသည်။ လူသားတို့တွင် မြင့်သောဂုဏ်ရှိသူက နိမ့်သောသူကို နှိမ့်ချဆက်ဆံခြင်းသည် အနိုင်အထက်ပြုခြင်းပင်ဖြစ်သည်။ လူသားတို့ကမ္ဘာတွင် မေတ္တာသည်သာ အသွားအပြန်ရှိသည်ကို သတိပြုကြရမည်။ ထို့ကြောင့် ပညတ်ချက်များကိုပယ်၍ လူသားအချင်းချင်းလူသားဖြစ်တည်မှုတူညီသည်ကို သတိပြုကာ ယဉ်ကျေးစွာပြောဆိုဆက်ဆံကြရပေမည်။

**ယဉ်ကျေးမှုဖြင့် စိတ်ကိုထိန်းသိမ်းပါ**

ကမ္ဘာပေါ်တွင်လူသားတို့၏ စိတ်သည် အပြောင်းအလဲအမြန်ဆုံးအရာဖြစ်သည်။ အခြေအနေအချိန်အခါပေါ်မူတည်၍ စိတ်သန္တာန်တို့သည် ကွဲပြားမှုရှိကြသည်။ ထိုပြောင်းလဲနေသောစိတ်ကိုပင် သတိတရားဖြင့် ထိန်းချုပ်နေထိုင်၍ အသက်ရှင်နေထိုင်ကြရခြင်းဖြစ်သည်။ သတိတရားကို ထိန်းချုပ်ရန်အတွက် ယဉ်ကျေးမှုဟူသည်ကို သိရှိလိုက်နာကြရပေမည်။ ယဉ်ကျေးမှုဟူသည်က စိတ်ကိုအကန့်အသတ်ဖြင့် ထိန်းချုပ်ထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အထွေထွေယဉ်ကျေးမှုများကို အတတ်နိုင်ဆုံးလိုက်နာ၍ မိမိစိတ်ကိုထိန်းသိမ်းပြီး အေးချမ်းသောလူ့ဘောင်ဆီသို့ ချီတက်ကြပါစို့ဟု ရေးသားလိုက်ရပေသည်။

❖ ချိုသာယဉ်ကျေးစွာပြောဆိုခြင်းသည်လည်း စကားတစ်ခွန်းဖြစ်သကဲ့သို့ ကြမ်းတမ်းစွာပြောဆိုခြင်းသည်လည်း စကားတစ်ခွန်းဖြစ်ပေသည်။ မည်သို့ပင်ပြောဆိုစေကာမူ လိမ္မာယဉ်ကျေးစွာပြောဆိုခြင်းသာလျှင် ကြားရသည့်တစ်ပါးသောသူအတွက် နားဝင်ချို၍ ချစ်ဖွယ်သောပြုမူခြင်းဖြင့်သာ တုံ့ပြန်ပေလိမ့်မည်။ ကြမ်းတမ်းသောစကားတစ်ခွန်းသည် ကြားရသူအတွက် နှလုံးကိုထိခိုက်စေသည်။ ထိုအခါ ကြားရသူတို့၏စိတ်သည်လည်း ကြမ်းတမ်းလာပြီး ခိုက်ရန်ဖြစ်ပွား၍အသက်အန္တရာယ်ထိခိုက်တတ်သည့်အခြေအနေပင် ဖြစ်လာနိုင်ပေသည်။ ❖

**ကိုးကား**

- **လိမ္မာယဉ်ကျေး ပြည့်ရှင်သွေး၊ ပြည်သူ့နီတိနှင့် လောကနီတိ၊ မောင်မောင်တိုး။ (စာမျက်နှာ ၂၃၊ ၂၆)**

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)အတွက် လိုအပ်သော ပုံနှိပ်ကုန်ကြမ်းပစ္စည်း ၂၅ မျိုးအား ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်ရှိပါ၍ တင်ဒါပုံစံဖြည့်စွက်ပြီး ၂-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၂-၃၀၂၇၀၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကျန်ကာလအတွက် (၂၆×၈၄)လမ်းထောင့်၊ ၂၆လမ်းမြောက်ဘက်ရှိ အဆောက်အဦအပေါ် ထပ် သိရိမင်္ဂလာခန်းမငှားရမ်းခွင့်ကို (၂၄-၁-၂၀၂၃) ရက်နေ့၊ (၀၉း၃၀)နာရီအချိန် တွင် မြို့တော်ခန်းမ၌ အိတ်ဖွင့်လေလံရောင်းချသွားမည်ဖြစ်ပါသည်-

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် သတ်မှတ်ထားသည့်ကြေးပေးသွင်း၍ ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ ပါရှိရမည့်စာရွက်စာတမ်းများပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%) စားပွဲတင်စပေါ်ငွေကို လေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၂)ရက်ကြိုတင်၍ အခွန်ဌာနသို့ တင်သွင်းထားရှိရမည်။ အိတ်ဖွင့်လျှောက်လွှာရောင်းချမှုနှင့် စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၂၅-၁-၂၀၂၃) ရက်နေ့၊ (၁၆း၀၀)နာရီ ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၀၂၅၂၂၀၈၅၊ ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃)နှင့် ၀၉-၄၀၂၅၃၁၁၀၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ပြည်ပခရီးသွားဧည့်သည် ၂၇၈ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့



**ကျိုက်ထို ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ပြည်ပခရီးသွားဧည့်သည် ၂၇၈ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ယခုနှစ်တွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကို သိတင်းကျွတ်လပြည့်နေ့ဖြစ်သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်မှ စတင်ကျင်းပပြုလုပ်ခဲ့ပြီး ကဆုန်လပြည့်နေ့ဖြစ်သည့် ၂၀၂၃ ခုနှစ် မေ ၃ ရက်ထိ ခုနစ်လတိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဘုရားပွဲတော်သည် ပြည်တွင်းဘုရားဖူးခရီးသွားများသာမက ပြည်ပခရီးသွားများပါ လာရောက် ဖူးမြော်ကြည်ညိုနေသည့် ဘုရားပွဲတော်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလတွင် ပြည်ပခရီးသွားဧည့်သည် ၈၅ ဦး၊ နိုဝင်ဘာလတွင် ပြည်ပခရီးသွားဧည့်သည် ၁၉၃ ဦးထိ လာရောက်ဖူးမြော်ကြည်ညိုခဲ့သောကြောင့် ယခုနှစ် ကျိုက်ထီးရိုးဘုရားပွဲတော် စတင်ဖွင့်လှစ်ခဲ့သည့် အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ပြည်ပခရီးသွားဧည့်သည် ၂၇၈ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း၊ ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည့် ပြည်ပခရီးသွားများတွင် တရုတ်၊ ထိုင်း၊ ကိုရီးယား၊ အမေရိကန်၊ အင်္ဂလန်၊ ဘရာဇီး၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြည်ပခရီးသွားများ ပါဝင်ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ကျိုက်ထီးရိုးစေတီတော်သို့ ပြည်တွင်းဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော်မှုမှာ ပွဲတော်စတင်ဖွင့်လှစ်ခဲ့သည့် အောက်တိုဘာလတွင် ပြည်တွင်းဘုရားဖူး ၃၃၀၅၇ ဦး၊ နိုဝင်ဘာလတွင် ပြည်တွင်းဘုရားဖူး ၁၁၃၆၂ ဦး စုစုပေါင်း ၄၄၄၁၉ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ထို့ကြောင့် ဘုရားပွဲတော်စတင်ဖွင့်လှစ်ခဲ့သည့် အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ကျိုက်ထီးရိုးစေတီတော်သို့ ပြည်တွင်းဘုရားဖူး ၄၄၄၁၉ ဦး လာရောက်ဖူးမြော်ခဲ့သောကြောင့် ယခုနှစ် ကျိုက်ထီးရိုးဘုရားပွဲတော်တွင် ဘုရားပွဲတော်စတင်ကျင်းပခဲ့သည့်အချိန်မှ နိုဝင်ဘာလကုန်ထိ ပြည်တွင်း၊ ပြည်ပဘုရားဖူး ၄၄၆၉၇ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။ **ချမ်းချမ်း**

## မိုင်းယောင်းမြို့နယ် ဝမ်ကျိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဝမ်မန်းကျေးရွာအုပ်စု ဝမ်ကျိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့် ဝမ်ကျိန်းကျေးရွာတွင် အရှည်ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်ကျိန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူ့ထည့်ဝင်ငွေကျပ် ၄ ဒသမ ၁၅ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစံလင်းက ပြောပြ၍ သိရသည်။ **မောင်နိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့

- ဖြတ်သန်းလာခဲ့ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCAစာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေပါဝင်လာစေဖို့အတွက် နှိုးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခုစိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ဇန်နဝါရီလ တတိယပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်း အပြီးတင်ပို့မည်



ဘင်္ဂလားဒေ့ရှ်နိုင်ငံ CHATTOGRAM ဆိပ်ကမ်းတွင် ညပိုင်း၌ မြန်မာ့ဆန်များ ချနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ပိုလျှံသော မြန်မာ့ဆန်များကို ပြည်ပဝယ်လိုအားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ G to Gစာချုပ်အရ တင်ပို့ရမည့်ဆန်တန်ချိန်နှစ်သိန်းတွင် တင်ပို့ရန်ကျန်ရှိသောဆန်များကို ရန်ကုန်ဆိပ်ကမ်းနှင့် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းတို့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အတွင်း အပြီးသတ် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ နိုဝင်ဘာ ၂ ရက်တွင် ပထမဆုံးသင်္ဘော MCL-7 ဖြင့် ဆန်တန်ချိန် ၂၆၅၀

စာမျက်နှာ ၂၂ ကော်လံ ၄ ☆

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်း စာမျက်နှာ - ၁၈

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း ထုတ်ပြန်ကြေညာ စာမျက်နှာ - ၂၂

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ငါးမျိုးစုံ ကီလိုဂရမ် ၁၀၀၀၀ မှ ၁၃၀၀၀ ထိ ထိုင်းနိုင်ငံဈေးကွက်သို့ နေ့စဉ်တင်ပို့ရောင်းချပေးနေ စာမျက်နှာ - ၂၉